ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 12 September 2022 ၁၀၈၅၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့အလယ် မြန်မာ့ဂုဏ်ဝင့်ထည်စေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူလူထုများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ဒေသစံတော်ချိန်မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Irkutsk မြို့မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr.Igor Ivanovich Kobzev နှင့် အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကောင်စီဝင် ဦးမောင်းဟာ၊ ဦးစောဒန်နီယယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာလာသည့်လမ်းတစ်လျှောက် ပြည်သူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

☆ ရှေ့ဖုံးမှ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှတာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

**အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်**

ခရီးစဉ်အတွင်း (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်း အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်ကဏ္ဍအလိုက်တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ပြည်နယ်၊ Buryatia ပြည်နယ်၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့တို့မှ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ်သဘောဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့ကြောင်းနှင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Pavel A. KLABUKOV၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံစစ်သံမှူး Colonel Sergei KURCHENKO နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ်ဦးတည်၍ ခရီးစဉ်အတွင်း နေ့မအားညမနားဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာတို့တွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့်

**စာမျက်နှာ ၄ သို့ ☆**



ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Pavel A. KLABUKOV၊ စစ်သံမှူး Colonel Sergei KURCHENKO နှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်တွင် ပြည်သူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်တွင် ပြည်သူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Irkutsk Aviation Plant၊ Irkutsk Regional Children's Clinical Hospital နှင့် MBOU Zakharovkaya Secondary School Moscow တို့သို့ သွားရောက်လေ့လာကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr.Igor Ivanovich Kobzev နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ Irkutsk မြို့ရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ Irkutsk Aviation Plant၊ Irkutsk Regional Children's Clinical Hospital နှင့် MBOU Zakharovkaya Secondary School Moscow တို့သို့သွားရောက်လေ့လာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Irkutsk Aviation Plant-Irkutsk Corporation Branch မှ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Veprev Aleksey Alexandro-vichနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အလုပ်ရုံအတွင်း MC-21 300 ခရီးသည်တင် လေယာဉ်ကြီးများ ထုတ်လုပ်ရန်အတွက် အစိတ်အပိုင်းတစ်ခုချင်းစီအလိုက် sector များခွဲကာ Robotic System များ၊ Automatic Machine များဖြင့် တပ်ဆင်နေမှုများ၊ ထိုမှတစ်ဆင့် လေယာဉ် ကိုယ်ထည်ပိုင်း၊ တောင်ပံပိုင်း၊ အင်ဂျင်ပိုင်းများကို အဆင့်ဆင့် တပ်ဆင်တွဲဆက်နေမှုများ၊ စက်ခေါင်းခန်းအတွင်း ထိန်းချုပ်မှု System များ၊ အတွင်းပိုင်း အပြင်အဆင်များကို အဆင့်မြင့်တင် ဆောင်ရွက်ထားရှိမှုများ၊ လေယာဉ်ထုတ်လုပ်နေမှု အခြေအနေများနှင့် လေယာဉ်၏ စွမ်းဆောင်ရည်ပိုင်းနှင့် ကြံ့ခိုင်ရေးပိုင်းတို့ကို စမ်းသပ်စစ်ဆေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာ့တပ်မတော်အတွက် ထုတ်လုပ်လျက်ရှိသည့် Su-30 တိုက်ခိုက်ရေးလေယာဉ်များ ထုတ်လုပ်တပ်ဆင်နေမှု၊ ထုတ်လုပ်ပြီး လေယာဉ်များအား လေ့ကျင့်စမ်းသပ်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေး ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Irkutsk မြို့ရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ Irkutsk Aviation Plant အတွင်း ကြည့်ရှုလေ့လာစဉ်။

အဆိုပါ Irkutsk လေယာဉ်ထုတ်လုပ်ရေးစက်ရုံ Irkutsk Aviation Plant ကို ၁၉၃၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ Irkutsk Corporation ၏ လက်ခွဲတစ်ခုဖြစ်ပြီး Irkutsk လေယာဉ်ထုတ်လုပ်ရေး အသင်းသည် Transbaykal ဒေသ၏ ရှေးအကျဆုံး လေယာဉ်ထုတ်လုပ်သည့် လုပ်ငန်းတစ်ခုဖြစ်ကာ စတင်တည်ထောင်ခဲ့သည့် ၁၉၃၂ ခုနှစ်မှစ၍ ယခုအထိ လေယာဉ်အစင်းပေါင်း ၇၀၀၀ ကျော်ကို ထုတ်လုပ်ခဲ့ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Irkutsk Aviation Plant-Irkutsk Corporation Branch မှ အထွေထွေညွှန်ကြားရေးမှူးချုပ်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**လက်ဆောင် အပြန်အလှန်ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Irkutsk Aviation Plant-Irkutsk Corpo-ration Branch မှ အထွေထွေညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk Regional Children's Clinical Hospital သို့ ရောက်ရှိကြရာ ဆေးရုံအကြီးအကဲ Mr.Kozolv Yuri Andreevich နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး ဆေးရုံအတွင်း ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်မှု အခြေအနေများ၊ ဆေးရုံကို ခုတင် ၄၀၀ ဆံ့ အဆင့်မြှင့်တင်၍ နှစ်နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ Video Presentation များ၊ VR နည်းပညာ အသုံးပြု၍ ဆေးရုံကြီး တည်ဆောက်ပြီးစီးပါက ဖြစ်ပေါ်လာမည့် အခြေအနေပုံရိပ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။ **စာမျက်နှာ ၅ သို့★**

---

☆ **စာမျက်နှာ ၃ မှ**

အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ရိုးရာအကအလှအဖွဲ့များ၊ ဒေသခံပြည်သူများက လေဆိပ်တွင်အသင့်စောင့်ကြို၍ လေဆိပ် လေယာဉ်အဆင်းမှ VIP ဆောင်အထိလည်းကောင်း၊ တပ်မတော်လေဆိပ်မှ အပိုင်းနေရာအထိလည်းကောင်း၊ တပ်မတော်လေဆိပ်အပိုင်းနေရာမှ အပြည်ပြည်ဆိုင်ရာလေဆိပ်အပိုင်းနေရာအထိလည်းကောင်း **"(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါ၏"၊ "ကမ္ဘာ့အလယ် မြန်မာ့ဂုဏ်ဝင့်ထည်စေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အထူးပင်ကျေးဇူးတင်ပါသည်"၊ "အမိမြန်မာနိုင်ငံတော်အတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကြိုးစားမှုများအား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်"၊ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ အောင်မြင်ပါစေ"၊ "ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုပါသည်"၊ "ရုရှား-မြန်မာ ချစ်ကြည်ရေး ထာဝရအစွန့်ရှည်တည်မြဲပါစေ"** ဟူသော စာတန်းများပါရှိသည့် ဗီနိုင်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်လှုပ်ရှားမှုပုံရိပ်များပါရှိသည့် အလျား ငါးပေ၊ အနံ နှစ်ပေခန့်ရှိ ရုပ်ပုံကားချပ် ၃၀ ခန့်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံများကို ကိုင်ဆောင်၍ အလံများဝှေ့ယမ်းကာ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ၊ ချမ်းသာပါစေ** ဟု ကြွေးကြော်လျက် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

★ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဆေးရုံတည်ဆောက်မည့် အခြေအနေများ၊ ဆေးရုံအတွင်း၌ Robotic Technology အသုံးပြု၍ ခွဲစိတ်ကုသမှုဆောင်ရွက်နိုင်သည့် စက်ကိရိယာများ၏ စွမ်းဆောင်ရည်များကို တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသခဲ့၍ စမ်းသပ်ခွဲစိတ်ကုသမှုတစ်ခုကို သရုပ်ပြခွဲစိတ်ပြသသည်။ ယင်းနောက် ခွဲစိတ်ကုသမှု အောင်မြင်စွာ ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအကြီးအကဲအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား Irkutsk Regional Children's Clinical Hospital မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

## ကြိုဆိုနှုတ်ဆက်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း MBOU Zakharovkaya Secondary School Moscow သို့ ရောက်ရှိကြရာ Irkutsk ပြည်နယ် အစိုးရအဖွဲ့ ပညာရေးဝန်ကြီး Maxim Alexandrovich Parfenov၊ ကျောင်းအုပ်ကြီး Ms. Lyudmila Leonidovna Tuchkova နှင့် ကျောင်းတာဝန်ခံများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း မူလတန်းကျောင်းသူ ကျောင်းသားများကို ပညာသင်ကြားပေးနေမှု စနစ်များ၊ အဆင့်မြင့်သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု နည်းပညာသုံး၍ ကလေးငယ်များကို စိတ်ပါဝင်စားစေပြီး လွယ်ကူရှင်းလင်းစွာဖြင့် ဘာသာရပ်ပိုင်းဆိုင်ရာများကို နားလည်တတ်ကျွမ်းမှုရှိအောင် သင်ကြားပေးနေသည့် အခြေအနေများ၊ စာကြည့်တိုက်များ၊ ကလေးအားကစားကွင်းများကို စိတ်ပါ ဝင်စားစွာဖြင့် လိုက်လံကြည့်ရှုလေ့လာခဲ့ကြရာ ကျောင်းအုပ်ကြီးက ရှင်းလင်းပြသသည်။ ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရည်အဆင့်မြင့်တင်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ၊ ကျောင်းအုပ်ကြီး၊ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား Irkutsk Regional Children's Clinical Hospital မှ တာဝန်ရှိသူတစ်ဦးက စမ်းသပ်ခွဲစိတ်မှုတစ်ခုကို သရုပ်ပြခွဲစိတ်ပြသစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်း MBOU Zakharovkaya Secondary School Moscow တွင် ကြည့်ရှုလေ့လာကြစဉ်။

**★ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး**

**★ မူလတန်းကျောင်းသူ ကျောင်းသားများကို ပညာသင်ကြားပေးနေမှုစနစ်များ၊ အဆင့်မြင့်သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု နည်းပညာသုံး၍ ကလေးငယ်များကို စိတ်ပါဝင်စားစေပြီး လွယ်ကူရှင်းလင်းစွာဖြင့် ဘာသာရပ်ပိုင်းဆိုင်ရာများကို နားလည်တတ်ကျွမ်းမှုရှိအောင် သင်ကြားပေးနေသည့် အခြေအနေများ၊ စာကြည့်တိုက်များ၊ ကလေးအားကစားကွင်းများကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုလေ့လာ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude မြို့မှ Irkutsk မြို့သို့ သီးသန့်အထူးရထားခရီးစဉ်ဖြင့်ရောက်ရှိ၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် Ulan-Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk မြို့သို့ သီးသန့်အထူးရထားခရီးစဉ်ဖြင့် သွားရောက်သည်။

**ရှင်းလင်းပြသ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude မြို့ရှိ Trans-Siberian မီးရထားလမ်းနှင့် Trans-Mongolian မီးရထားလမ်း တစ်လျှောက် အဓိကကျပြီး အရေးပါသည့် ဘူတာရုံတစ်ခုဖြစ်သည့် Ulan-Ude ဘူတာရုံသို့ ရောက်ရှိကြရာ RZD “Russian Railways” မီးရထားလုပ်ငန်း၏ RZD International Railways မှ General Director Mr.Sergey Stolyarov နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကာ ဘူတာရုံအတွင်း လိုက်လံရှင်းလင်းပြသကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား RZD “Russian Railways” မီးရထားလုပ်ငန်း၏ RZD International Railways မှ တာဝန်ရှိသူတစ်ဦးက ဘူတာရုံအတွင်း၌ ရှင်းလင်းပြသစဉ်။

ထို့နောက် RZD “Russian Railways” ကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်သုံး ခေါင်းတွဲများ၊ ဒီဇယ်ခေါင်းတွဲများ၊ ခာတ်ငွေ့သုံး ခေါင်းတွဲများ၊ ကိုယ်ထည်တွဲများ ထုတ်လုပ်ခြင်း နည်းပညာဆိုင်ရာများ၊ မောင်းနှင်ခုတ်မောင်းမှု ဆိုင်ရာ နည်းပညာများ၊ မီးရထားနှင့် ဆက်စပ်သည့်လုပ်ငန်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရုရှားနိုင်ငံ၏ ရထားလမ်းဆိုင်ရာများနှင့် ဥရောပနိုင်ငံများတွင် သွားရောက်၍ ရထားလမ်းဖောက်လုပ်ခြင်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားပို့ဆောင်ရေးဆိုင်ရာ နည်းပညာများပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် လာရောက် သတင်းရယူကြသည့် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ Buryatia ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး တွေ့မြင်ရသည့် အခြေအနေများ၊ အကြံပြုလိုသည့် အခြေအနေများ၊ ပထဝီနိုင်ငံရေးအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းများအပေါ် သဘောထားအမြင်များနှင့် အခြားသိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

**လေ့လာကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk ပြည်နယ်သို့ သီးသန့်အထူးရထားခရီးစဉ်ဖြင့် လိုက်ပါခဲ့ပြီး လမ်းကြောင်းတစ်လျှောက်တွင် ရထားအတွင်းပိုင်း အပြင်အဆင်များနှင့် အခန်းများဖွဲ့စည်းထားရှိမှုများ၊ မီးရထားလမ်းကြောင်းနည်းပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများ၊ ကမ္ဘာ့အကြီးဆုံး သဘာဝရေချိုကန်ကြီးဖြစ်သည့် Baikal ရေကန်၏ ကမ်းစပ်တစ်လျှောက် အလှအပများအပါအဝင် လမ်းကြောင်းတစ်လျှောက် အလှအပများကို လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ RZD “Russian Railways”ကုမ္ပဏီသည် နိုင်ငံတော်ပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး မော်စကိုမြို့ Red Gates Squre ၌ ရုံးချုပ်တည်ရှိကြောင်း၊ ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး မီးရထားဝန်ဆောင်မှုများကို စီမံခန့်ခွဲပေးလျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် Joint-stock ကုမ္ပဏီ အမျိုးအစားဖြစ်ပြီး မီးရထားနှင့် သက်ဆိုင်သည့် စက်ရုံများလည်းရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် Irkutsk မြို့ Passazhirskiy ဘူတာရုံသို့ ရောက်ရှိကြရာ Irkutsk ပြည်နယ်

**စာမျက်နှာ ၇ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Igor Ivanovich Kobzevနှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် တွေ့ဆုံဆွေးနွေးစဉ်။

»»» **စာမျက်နှာ ၆ မှ**
အစိုးရအဖွဲ့ အကြီးအကဲ Mr.Igor Ivanovich Kobzev နှင့် တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Igor Ivanovich Kobzevနှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့ တက်ရောက်ကြပြီး Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ Irkutsk ပြည်နယ်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နယ်မြေဆိုင်ရာ အကြီးအကဲ Ms. Kurbatova Lyudmila Anatolyevna နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံ တစ်ခုဖြစ်သည့် အခြေအနေများနှင့် Irkutsk ပြည်နယ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အလယ်ဗဟိုချက်မဖြစ်ပြီး အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်သည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ကုန်ထုတ်လုပ်မှု အကြီးစားစက်ရုံ အများအပြားသည် Irkutsk ပြည်နယ်တွင်ရှိပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၀၀၀ ကျော် လည်ပတ်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် Irkutsk ပြည်နယ်တို့အကြား မဟာဗျူဟာမြောက် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှု တို့ကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ ရှိနေပြီဖြစ်သည့် အခြေအနေများ၊ ထို့ပြင် ကျန်းမာရေးဆိုင်ရာကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍ၊ လူငယ်အချင်းချင်း ရင်းနှီးဆက်ဆံမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် မြေပေါ်မြေအောက် သယံဇာတများနှင့် သဘာဝအလှတရားများ ပြည့်စုံစွာရှိသည့်အတွက် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကျန်းမာရေးကဏ္ဍတွင် ဝန်ကြီးဌာနအချင်းချင်း၊ ဆေးရုံနှင့် ဆေးတက္ကသိုလ်များ အချင်းချင်း ပညာရပ်ပိုင်းဆိုင်ရာ ဖလှယ်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

**ဂုဏ်ပြုပန်းခွေချအလေးပြု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Irkutsk ပြည်နယ်အစိုးရအဖွဲ့ရုံးအနီးရှိ ဒုတိယကမ္ဘာစစ်အတွင်း အသက်စွန့်ခဲ့ကြရသည့် ဆိုဗီယက်ပြည်ထောင်စုမှ စစ်သည်တော်များအား ဂုဏ်ပြုသောအားဖြင့် ထွန်းညှိထားသည့် မငြိမ်းသောမီး (Memorial Eternal Flame) နေရာသို့ ရောက်ရှိကြပြီး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသည့် စစ်သည်များအား ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဦးစွာ ညစာစားပွဲမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲတို့က နှုတ်ခွန်းဆက်စကား များ ပြောကြားရာ၌ ယနေ့ စက်တင်ဘာ ၁၀ ရက်နေ့သည် Irkutsk ပြည်နယ် တည်ထောင်မှု ၈၅ နှစ် ပြည့်မြောက်သည့်နေ့ဖြစ်ပြီး ပြည်နယ်အတွင်း အထိမ်းအမှတ် အခမ်းအနားများကို ကြီးကျယ်ခမ်းနားစွာဖြင့် ကျင်းပလျက်ရှိသည့် အခြေအနေများ၊ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် Irkutsk ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး ခိုင်မာသည့် ဆွေးနွေးမှုရလဒ်များကို ဆွေးနွေးချမှတ်နိုင်ခဲ့သည့် အခြေအနေများနှင့် ၈၅ နှစ်ပြည့် Irkutsk ပြည်နယ်တည်ထောင်မှုမှသည် နောင်နှစ်ပေါင်းများစွာ တိုင်သည်အထိ Irkutsk ဒေသမှ ဒေသခံများအားလုံးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြည်သူများအားလုံး ကိုယ်စိတ်နှလုံးချမ်းမြေ့ကြစေရန် မြန်မာနိုင်ငံအကြီးအကဲအနေဖြင့် ဆုမွန်ကောင်းတောင်းသည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ ပြောကြားခဲ့ကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာရှင်အဖွဲ့က ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲတို့သည် Irkutsk ပြည်နယ် တည်ထောင်မှု ၈၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ဒေသခံပြည်သူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် Irkutsk ပြည်နယ် အစိုးရအဖွဲ့ အကြီးအကဲအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကာ ဆုမွန်ကောင်းစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Irkutsk ပြည်နယ်အစိုးရအဖွဲ့ရုံးအနီးရှိ ဒုတိယကမ္ဘာစစ်အတွင်း အသက်စွန့်ခဲ့ကြရသည့် ဆိုဗီယက်ပြည်ထောင်စုမှ စစ်သည်တော်များအား ဂုဏ်ပြုသောအားဖြင့် ထွန်းညှိထားသည့် မငြိမ်းသောမီးနေရာ၌ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသည့် စစ်သည်များအား ဂုဏ်ပြုပန်းခွေချ အလေးပြုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr.Igor Ivanovich Kobzev တို့ Irkutsk ပြည်နယ် တည်ထောင်မှု ၈၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ဒေသခံပြည်သူများနှင့်အတူ ကြည့်ရှုအားပေးစဉ်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ်ရှိ မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

**ပန်းတနော် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပန်းတနော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ စီးပွားရေး၊လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ၊ ၂၀၂၃ ခုနှစ်တွင် ကျင်းပပြုလုပ်ပေးမည့် ရွေးကောက်ပွဲတွင် မြို့နယ်အလိုက် လွပ်လပ်၍သန့်ရှင်းမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဒေသအာဏာပိုင်များဦးဆောင်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက အဂတိတရားကင်းကင်း၊ ဘက်လိုက်မှုကင်းကင်းဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ရွေးချယ်လိုက်သည့်အစိုးရသည်သန့်ရှင်းတရားမျှတသည့်အစိုးရနိုင်ငံခေါင်းဆောင်များပေါ်ထွက်အောင် ရွေးကောက်တင်မြှောက်ကြပါဟု ပြောကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ်တွင် လူထုအခြေပြုဗဟိုဌာန (Community Centre)ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါ လူထုအခြေပြုဗဟိုဌာန (Community Centre)ဆောက်လုပ်ပြီးပါက တိုင်းဒေသကြီးအကျိုးသယ်ပိုးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်လူငယ်များအတွက် တိုးတက်မည့် ဘဝခရီးကို ပြုစုပျိုးထောင်ပေးနိုင်ပြီး အမှန်တကယ်တန်ဖိုးရှိမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်နိုင်သော၊ အသိပညာဗဟုသုတများ ဆည်းပူးဖလှယ်နိုင်သော၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း၊ ပန်းတနော်မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများကို ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်ချက်များကို ကူညီထောက်ပံ့ပေးနိုင်ရန် ဆွေးနွေးပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့ မြို့၊ ရပ်ရွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းတံတား၊ စာသင်ကျောင်း၊ ဆရာ ဆရာမ လိုအပ်ချက်များ စသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို သက်ဆိုင်သည့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့တွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

**ဆွေးနွေး**

ထိုသို့ဆောင်ရွက်ရာတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် Irkutsk ပြည်နယ် Marroitt ဟိုတယ်အစည်းအဝေးခန်းမ၌ Irkutsk ပြည်နယ် ပညာရေး ဒုတိယဝန်ကြီး Elena Apanovich၊ Irkutsk National Research Technical University ၏ ပါမောက္ခချုပ် Mikhail Korniakov၊ Irkutsk State University ဒုတိယပါမောက္ခချုပ် Konstantin Grigorichev တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ပညာရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် Irkutsk မြို့ ဆေးဝါးထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိလေ့လာကြရာ ပြည်နယ်အစိုးရအဖွဲ့ ကျန်းမာရေးဝန်ကြီး Shelekhov Alexey Vladimirovich နှင့် တာဝန်ရှိသူများက အဆင့်မြင့်စက်များသုံး၍ ဆေးဝါးထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြသကြသည်။

ထို့နောက် အဆိုပါ ဆေးဝါးစက်ရုံမှ ဆေးဝါးများအား နိုင်ငံတကာသို့ တင်ပို့ရောင်းချနေမှုများ၊ သုတေသနပြုဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံသို့ ဆေးဝါးများ၊ ဆေးဝါးကုန်ကြမ်းများ တင်ပို့ပေးနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ဆေးဝါးစက်ရုံများ ပူးပေါင်းတည်ထောင်ပြီး ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Irkutsk ပြည်နယ် Marroitt ဟိုတယ်အစည်းအဝေးခန်းမ၌ Irkutsk ပြည်နယ် ပညာရေး ဒုတိယဝန်ကြီး Elena Apanovich၊ Irkutsk National Research Technical University ၏ ပါမောက္ခချုပ် Mikhail Korniakov၊ Irkutsk State University ဒုတိယပါမောက္ခချုပ် Konstantin Grigorichev တို့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# မှော်ဘီမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မှော်ဘီ စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် မှော်ဘီမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(သန္ဓေပင်)ကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမာက အဖွင့်အမှာစကား ပြောကြားပြီး သန္ဓေပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အေးက အမှာစကားပြောကြားကာ မှော်ဘီမြို့မရဲစခန်းမှူး ဒုရဲမှူးစန်းထွေးက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆိုင်ရာ အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ဟောပြောပွဲသို့ သန္ဓေပင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြင့်ဦး

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့



# ပုသိမ်-ဟင်္သာတ-ကြံခင်း အစုန်အဆန် အမြန်ရထား စတင်ပြန်လည်ပြေးဆွဲ

**ပုသိမ် စက်တင်ဘာ ၁၁**

အမှတ်(၁၈၁) ပုသိမ်-ဟင်္သာတ-ကြံခင်း (အဆန်)အမြန်ရထားခရီးစဉ် ပြန်လည်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ပုသိမ်ဘူတာ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရထားအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ပြီး ရထားစီးခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် နံနက် ၆ နာရီတွင် ရထားစတင်ထွက်ခွာခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်ဘူတာမှ ဂုံမင်းဘူတာအထိ လိုက်ပါစီးနင်း စစ်ဆေးခဲ့ကြသည်။

အလားတူ အမှတ်(၁၈၂) ကြံခင်း-ဟင်္သာတ-ပုသိမ်(အစုန်)အမြန်ရထားခရီးစဉ်ကိုလည်း ကြံခင်းဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခဲ့ရာ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ဆိပ်သာကြီးကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် ဆိပ်သာလေးကျေးရွာသို့ဆက်သွယ်ထားသည့် ကျုံလမုချောင်းကူးတံတား အရှည် (၁၂၀ ပေx၁၄ ပေ) တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စနစ်တကျဆောင်ရွက်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းနယ်ပယ်အသီးသီးကို အောင်အောင်မြင်မြင် အကျိုးရှိရှိဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၁၁**

အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် အချက်အလက်များကို ပြင်ဆင်ပေးရသည့်ဝန်ထမ်းများက အစိုးရ၏ဝန်ဆောင်မှုများမှတစ်ဆင့် ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှုကို ရရှိခံစားကြရမည့် သာမန်ပြည်သူများအထိ အရေးပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများအား ဘဏ္ဍာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားသည်။

**ပြည်သူ့ဘဏ္ဍာကို အကောင်းဆုံးအသုံးချ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ယခုအသိပညာပေးဆွေးနွေးပွဲသည် မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းနယ်ပယ်အသီးသီးကို အောင်အောင်မြင်မြင် အကျိုးရှိရှိဆောင်ရွက်နိုင်စေရန်၊ ပြည်သူ့ဘဏ္ဍာကို အကောင်းဆုံးအသုံးချနိုင်စေရန်၊ ရေရှည်မျှော်မှန်းချက်များအောင်မြင်စေရန်၊ အသုံးစရိတ်များကို မှန်ကန်စွာသုံးစွဲနိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်၍ ဆွေးနွေးပွဲမှရရှိလာသည့် အသိပညာများဖြင့် နောင်ကာလများတွင် ပြည်သူ့ဘဏ္ဍာကို အကောင်းဆုံးအသုံးချနိုင်ရန်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းအကြောင်း သိကောင်းစရာများကို ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးကလည်းကောင်း၊ စီမံကိန်းရေးဆွဲခြင်းအကြောင်း သိကောင်းစရာများကို ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးကလည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ လစဉ်ပေးပို့ရသည့်စာရင်းများကို ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးကလည်းကောင်း၊ စာရင်းစစ်ကန့်ကွက်ချက် လျော့ကျရေးနှင့် အသုံးစရိတ်များစနစ်တကျသုံးစွဲနိုင်ရေး လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးညွှန်ကြားရေးမှူးကလည်းကောင်း ဆွေးနွေးခဲ့ကြသည်။



ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဘဏ္ဍာရေးငွေစာရင်းကိုင်ဝန်ထမ်းများက သိရှိလိုသည်များနှင့် မရှင်းလင်းသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# Mask Campaign ပြုလုပ်ဆောင်ရွက်နေမှုနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**မော်လမြိုင် စက်တင်ဘာ ၁၁**

မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်များအလိုက် ကိုဗစ်- ၁၉ ရောဂါပိုးစစ်ဆေးခြင်း၊ လူထုအသွားအလာများသည့် နေရာများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို ပြန်လည်လှုံ့ဆော် အသိပညာပေးခြင်း၊ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ Mask Campaign ပြုလုပ်ခြင်းတို့ကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ Mask Campaign ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အဝေးပြေးကားဝင်း၌ ခရီးသွားပြည်သူများအားကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများက အသိပညာပေးဆောင်ရွက်နေမှု၊ နှာခေါင်းစည်းများအခမဲ့ဝေငှခြင်း အစီအစဉ် MaskCampaign ပြုလုပ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မော်လမြိုင်မြို့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ထပ်ဆောင်းကာကွယ်ဆေး Booster ကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးနေမှုအခြေအနေကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဆန်၊ ဆီ၊ ကြက်ဥများ ရောင်းချပေးနေမှု လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ် ၄၄ မြို့နယ်ရှိ သတ်မှတ်နေရာများတွင် ဆန်၊ဆီ၊ကြက်ဥများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်စေရန် ရောင်းချပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း (တောင်)ရပ်ကွက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက မြို့နယ်အတွင်းရှိဒေသခံပြည်သူများသို့ ရောင်းချပေးလျက်ရှိရာ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည် ငွေကျပ် ၁၆၀၀ ဖြင့် နှစ်ပြည်နှုန်း၊ ဆီ ၅၀ ကျပ်သား ငွေကျပ်၂၆၅၀၊ ကြက်ဥ ၁၀ လုံး ငွေကျပ် ၁၇၅၀ နှုန်းထားတို့ဖြင့် အိမ်ထောင်စု ၃၀၀ ကျော်တို့အား ရောင်းချပေးနေမှု၊ အလားတူ ကမာရွတ်မြို့နယ် အမှတ်(၆)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာလမ်းတွင် အိမ်ထောင်စု ၂၀၀ ကျော်နှင့် လှိုင်မြို့နယ် အမှတ်(၄) ရပ်ကွက် ယုဇနလမ်းထိပ် ဇေယျာသိဒ္ဓိဓမ္မာရုံတို့၌ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ရောဂါဆိုင်ရာ ညွှန်ကြားချက်များ၊ အသိပေးချက်များကို လိုက်နာ၍ ဈေးရောင်းဈေးဝယ်ပြုလုပ်ကြရန် မှာကြားပြီး နှာခေါင်းစည်းများ ဝေငှပေးကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံတော်ကြီး၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) တာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသူများက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် စာချအကျော် ဘဒ္ဒန္တ နာရဒါဘိဝံသ (လုရတနာ) သ-စ-အ ဓမ္မာစရိယ-ဝဋံ့သကာ-ပါဠိပါရဂူ ပထမကျော် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ကြွရောက်တော်မူလာကြသော သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ကိုထက်






# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မာရ်အောင်ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အဘယာရာမစာသင်တိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်သဇင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညရဋ္ဌ ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်နှင့် မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျောင်းလုံးသီရိနေ်ာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မင်္ဂလာသာစည်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ သစ်ဆိမ့်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီး(တောင်ပိုင်း) မြို့နယ်ရှိ အေးစေတီကျောင်းတိုက်တို့သို့ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဇလွန်မြို့နယ်တွင် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့ သတ်မှတ်ထားမှုအား လိုက်နာဆောင်ရွက်မှုရှိရေး အသိပညာပေး

ဇလွန် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပူးပေါင်းအဖွဲ့မှ ပြည်သူများ ပလတ်စတစ်အိတ်သုံးစွဲမှုလျော့နည်းစေရေးအတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားရှိမှုအား လိုက်နာဆောင်ရွက်မှုရှိစေရေး လိုက်လံအသိပညာပေးခြင်းကို ယနေ့နံနက် ၇ နာရီတွင် မြို့မဈေးသစ်၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသစ်တွင် ဈေးရောင်းချနေသူများအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောရွက်၊ သတင်းစာတို့ဖြင့်သာ သင့်တော်ရာ အစားထိုးထုပ်ပိုးသုံးစွဲစေရေးအတွက် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လက်ကိုင်စပီကာများဖြင့် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး လိုက်လံအသိပေးနှိုးဆော်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုရှိစေရေး၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာပူးပေါင်းအဖွဲ့များမှ လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇလွန် (ပြန် / ဆက်)

# မအူပင်မြို့နယ်၌ ပလတ်စတစ်အိတ် သုံးစွဲမှုလျော့နည်းစေရေး ကြီးကြပ်ဆောင်ရွက်

မအူပင် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက် ဖြင့် မအူပင်မြို့နယ်စည်ပင်သာယာရေးကော်မတီက ပြည်သူများ ပလတ်စတစ်အိတ် သုံးစွဲမှုလျော့နည်းစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့ အဖြစ် သတ်မှတ်ထားရှိမှုအား လိုက်နာဆောင်ရွက်မှုရှိစေရေး စိစစ်ကြပ်မတ်စစ်ဆေးခြင်းကို ယနေ့နံနက် ၈ နာရီမှ စတင်၍ ကမ်းသာယာဈေး၊ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များရှိ ပျံကျဈေးများတွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့်ဝန်ထမ်းများ၊ သက်ဆိုင်ရာ ဈေးကော်မတီများနှင့်တာဝန်ရှိသူများက ဈေးရောင်း/ဈေးဝယ် ပြည်သူများအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်သုံးစွဲခြင်းမပြုကြရန် အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ဖြင့် သင့်ရာအစားထိုး ထုပ်ပိုးသုံးစွဲရန်နှင့် ပလတ်စတစ်အိတ်သုံးစွဲမှု မပြုခြင်းဖြင့်ရရှိနိုင်မည့်အကျိုးရလဒ်များကို သိရှိနိုင်စေရေး အသိပညာပေးပြောကြားခြင်းများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုင်ငံတော်အကြီးအကဲများကို လာရောက်ကြိုဆိုကြသူများနှင့် ခရီးစဉ်တွင် လိုက်ပါသွားသော တာဝန်ရှိသူတို့၏ စကားသံများ

ရုရှားခရီးစဉ်အတွင်း (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ခြင်းနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ်သဘောဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အကြီးအကဲများသည် စက်တင်ဘာ ၁၁ ရက် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။ ထိုသို့ပြန်လည်ရောက်ရှိလာကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အကြီးအကဲများကို ဒေသခံပြည်သူများက ကြိုဆိုကြ သည်။ အဆိုပါခရီးစဉ်တွင် လိုက်ပါခဲ့သော တာဝန်ရှိသူနှင့် လာရောက်ကြိုဆိုကြသူများ၏စကားသံများကို မျှဝေပေးလိုက်ရပါသည်။


ဗိုလ်ချုပ်ဇော်မင်းထွန်း


ဦးမိုးဟိန်း


ဦးမောင်မောင်အောင်


မသဇင်ဦး


ဦးဇော်တူးအောင်


မထက်ထက်ဝေ


မရည်မွန်သက်


ကိုသန်းထိုက်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်ကို တစ်ပတ်ကြာသွားရောက်ခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ အရှေ့ဖျားစီးပွားရေးဖိုရမ်ကို သွားရောက်ပြီး တက်ရောက်တာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ခရီးစဉ်စကတည်းက မဟာဗျူဟာအရရော၊ နည်းဗျူဟာအရရော အများကြီး ပြင်ဆင်ခဲ့ပါတယ်။ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ဖို့၊ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို တိုးမြှင့်ဆောင်ရွက်ဖို့အတွက် များစွာကြိုးပမ်းခဲ့ပါတယ်။ ခရီးစဉ်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးနဲ့တွေ့ဆုံခဲ့တဲ့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့ ပြည်နယ်နှစ်ခုကို သွားရောက်လည်ပတ်ခွင့်ရခဲ့တယ်။ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် အရေးပါတဲ့ လုပ်ငန်းတွေလုပ်ဆောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက်အရေးပါတဲ့ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးအတွက် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အာကာသနည်းပညာနဲ့ ပတ်သက်ပြီးလည်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်နိုင်ဖို့၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဒီကဏ္ဍတွေအားလုံးကို တိုးမြှင့်နိုင်ဖို့ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အကျဉ်းချုပ်ပြောရရင် ဒီခရီးစဉ်က အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ လူတစ်ယောက်ဖြစ်စေ၊ ဘဝတစ်ခုဖြစ်စေ၊ နိုင်ငံတစ်ခုဖြစ်စေ၊ အောင်မြင်ဖို့အတွက် ကြိုးစားအားထုတ်မှုမရှိဘဲ မလုံလောက်ပါဘူး။ ဒီကြိုးစားအားထုတ်မှုတွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ခရီးစဉ်မသွားခင်ကတည်းက အသေးစိတ်စီမံပြီး အောင်မြင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့မှာ လာရောက်ကြိုဆိုကြတဲ့ ပြည်သူလူထုကို ကျေးဇူးတင်ပါတယ်။ မှန်ကန်တဲ့ လုပ်ငန်းစဉ်ကို ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ နိုင်ငံရေးရည်မှန်းချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်ခိုင်မာစေရေးကိစ္စများကို ဆောင်ရွက်နေပါတယ်။ ဒီကိစ္စတွေက ဒီခရီးစဉ်က ပိုမိုခိုင်မာစေမယ်လို့ ယုံကြည်ပါတယ်။

**ဦးမိုးဟိန်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက နိုင်ငံတော်ဝန်ကြီးချုပ်ကို ၁ နာရီနဲ့ မိနစ် ၂၀ ကြာ သီးခြားတွေ့ဆုံပြီး မြန်မာနဲ့ရုရှားအကြား ကမ္ဘာ့ကိစ္စ၊ မြန်မာ့ကိစ္စများကို ပူးပေါင်းဆောင်ရွက်ဖို့ အလေးအနက်စကားများကို နှစ်ဦးတည်းပြောကြားသွားတယ်။ ကြည့်ရတာ အင်မတန်ဝမ်းသာတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတလို ကမ္ဘာ့ခေါင်းဆောင်ကြီးက မြန်မာနိုင်ငံအစိုးရနဲ့ မြန်မာနိုင်ငံဝန်ကြီးချုပ်ကိုရော၊ မြန်မာနိုင်ငံကိုရော အသိအမှတ်ပြုတာကိုမြင်ရတဲ့အခါမှာ ဝမ်းသာတာကို စကားလုံးနဲ့ဖော်ပြလို့ မရပါဘူး။ နိုင်ငံတော်သစ်ကိုတည်ဖို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြိုးစားခဲ့တာ အောင်မြင်ခဲ့ပါပြီလို့ ပြောချင်ပါတယ်။

**ဦးမောင်မောင်အောင်**

(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကို တက်ရောက်ပြီး ပြန်လာတဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ကျွန်တော်တို့လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ အခုလိုလာရောက်ကြိုဆိုတာကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကိုတက်ရောက်ခဲ့ရာမှာ အောင်မြင်မှုတွေများစွာကို ယူဆောင်လာပေးနိုင်ခဲ့ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနဲ့လည်း ၁ နာရီနဲ့ မိနစ် ၂၀ ကြာတွေ့ဆုံပြီး ကျွန်တော်တို့တိုင်းပြည်ကို အောင်မြင်မှုတွေယူဆောင်လာပေးတဲ့ ပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ လိုအပ်နေတဲ့ အခက်အခဲတွေကို အသက်အရွယ်နဲ့မမျှ သွားရောက်ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ကြိုဆိုဖို့အတွက် ကျွန်တော်နဲ့အတူ တပ်မတော်ကိုချစ်ခင်တဲ့ ညီအစ်ကိုမောင်နှမတွေမှာ ဒီစိတ်မျိုးရှိကြပါတယ်။ ဒါကြောင့် ဒီလိုကြိုဆိုပွဲလေး အောင်မြင်စွာကျင်းပနိုင်အောင် စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အသက်ရှည်ကျန်းမာပါစေ၊ ရုရှား-မြန်မာချစ်ကြည်ရေး တည်တံ့ခိုင်မြဲပါစေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးလည်း ဖွံ့ဖြိုးတိုးတက်ပြီးတော့ ဘေးအန္တရာယ်ခပ်သိမ်းကင်းဝေးပါစေလို့ ဆုတောင်းပေးပါတယ်။

**မသဇင်ဦး**

နိုင်ငံတော်ဝန်ကြီးချုပ်ကို အခုလိုလာရောက်ကြိုဆိုခွင့်ရတဲ့အတွက် အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေနဲ့ ကျွန်မတို့မြန်မာနိုင်ငံကို အခက်အခဲအကျပ်အတည်းပေါင်းစုံကြားကနေပြီး လက်ကမ်းကြိုဆိုကာ ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက် ဒီနေရာကနေပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် အောင်မြင်မှုတွေ၊ နိုင်ငံဂုဏ်နဲ့ နိုင်ငံသူနိုင်ငံသား တစ်ယောက်ချင်းစီရဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးတဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်တဲ့အတွက် လူငယ်တွေအနေနဲ့လည်း အခွင့်အလမ်းတွေ အများကြီး တိုးပွားလာပါတယ်။ လူငယ်တွေအားလုံးရဲ့ကိုယ်စား ကျွန်မအနေနဲ့ကျေးဇူးတင်ပါတယ်။ ရုရှား-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲပါစေ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ။

**ဦးဇော်တူးအောင်**

အခုလာရောက်ကြိုဆိုတဲ့အဖွဲ့မှာ ကျွန်တော်အပါအဝင် ပျဉ်းမနားမြို့နယ်က တပ်မတော်ထောက်ခံသူအင်အား ၁၀၀ ကျော်ပါဝင်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုသွားရောက်ပြီးတော့ နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုခိုင်မာအောင် ဆောင်ရွက်ခဲ့တဲ့အပြင် ကမ္ဘာ့နိုင်ငံတွေရဲ့အလယ်မှာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အင်အားကို ပြသနိုင်ခဲ့တဲ့အတွက် အခုလိုလာရောက်ပြီး ဂုဏ်ပြုကြိုဆိုတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲနဲ့ လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကို နိုင်ငံတကာက စီးပွားရေးပိတ်ဆို့မှုတွေ၊ အရေးယူဒဏ်ခတ်မှုတွေ အစဉ်တစိုက်လုပ်ဆောင်လာခဲ့တာ အခုမှမဟုတ်ပါဘူး။ ဟိုးအရင်နှစ်ပေါင်းများစွာကတည်းက လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတကာမျက်နှာစာမှာ အခွင့်အရေးတွေအများကြီးဆုံးရှုံးခဲ့ရပါတယ်။ အဲဒီလိုဖြစ်အောင်လည်း ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီနေ့အချိန်မှာတော့ ဘယ်သူတွေ ဘာပဲပြောနေကြပါစေ မဟာမိတ်နိုင်ငံတစ်နိုင်ငံအနေနဲ့ နိုင်ငံတကာအလယ်မှာ ကျွန်တော်တို့နိုင်ငံနဲ့အတူ မားမားမတ်မတ်ရပ်တည်ပေးခဲ့တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့ သမ္မတကြီးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ အခုလက်ရှိကျွန်တော်တို့နိုင်ငံတော်ရဲ့ ဝန်ကြီးချုပ်ဖြစ်သလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်တဲ့ ကျွန်တော်တို့ရင်ထဲက နိုင်ငံ့ဖခင်ကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ အခုလိုမျိုးနိုင်ငံတကာအလယ်မှာ ရဲရဲဝံ့ဝံ့နဲ့ နိုင်ငံ့အကျိုးအတွက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အလွန်ဂုဏ်ယူပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကျွန်တော်တို့နိုင်ငံအပေါ်ကို ပိတ်ဆို့၊ အရေးယူ၊ ဒဏ်ခတ်မှုတွေ လုပ်ပြီး ယုတ်မာနေကြတဲ့ သူတွေရဲ့စကားကိုနားယောင်ကာ အချင်းချင်းသွေးကွဲပြီး သတ်ဖြတ်နေကြတဲ့ကိစ္စတွေကို ရပ်တန်းကရပ်ကြဖို့နဲ့ နိုင်ငံတော်ရဲ့ပကတိအခြေအနေမှန်ကို သိရှိနားလည်ပြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ တိုးတက်အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**မထက်ထက်ဝေ**

နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့သမ္မတကြီးနဲ့ အခုလိုမျိုး သွားရောက်တွေ့ဆုံဆွေးနွေးခဲ့တဲ့အတွက် ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီး အထောက်အကူပြုမယ်လို့မျှော်လင့်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် အခုသွားရောက်ခဲ့တဲ့ ရုရှားဖက်ဒရေးရှင်း နိုင်ငံခရီးစဉ်က မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ကဏ္ဍတွေအတွက် အများကြီးအထောက်အကူပြုတဲ့ ခရီးစဉ်တစ်ခုဖြစ်တဲ့အတွက် အခုလိုလာရောက်ဂုဏ်ပြုကြိုဆိုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ခရီးစဉ်တစ်ခုဖြစ်တယ်လို့လည်း ပြောချင်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံရဲ့ စစ်မှန်တဲ့မိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့လည်း အရင်ကထက် ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေခဲ့တဲ့ ခရီးစဉ်တစ်ခုလည်းဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံ့အကျိုးကို အခုထက်မက ပိုမိုဆောင်ရွက်နိုင်ပါစေလို့လည်း ဆန္ဒပြုပါတယ်။

**မရည်မွန်သက်**

ပုဗ္ဗသီရိမြို့နယ်ကနေ လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၁၂ သို့ *

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၃၇၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၁၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၃၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၈၉)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၀၂) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၈၉)ဦးအနက် (၁၆)ဦး၊ (၈.၅) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှတွေ့ရှိခြင်းဖြစ်ပြီး (၁၇၃) ဦး၊ (၉၁.၅) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၄၄,၂၆၅) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၆,၈၅၂) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၂၈၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၀-၉-၂၀၂၂) ရက်နေ့အထိ အသက် ၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၄၄၆,၃၃၇) ဦးနှင့် အသက် (၁၈) နှစ် အောက် လူဦးရေ စုစုပေါင်း (၆,၄၉၈,၃၅၆) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက် သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၁၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၆) ဦး | (၈.၅) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၇၃) ဦး | (၉၁.၅) % |
| **စုစုပေါင်း** | **(၁၈၉) ဦး** | **(၁၀၀) %** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၀-၉-၂၀၂၂) ရက်နေ့

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၄၄၆,၃၃၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၄၉၈,၃၅၆ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၀၈၂၃၃၁ | ၉၃၁၅၇၃၈၅ | ၁၀၇၅၆၅၉ |
| ၂။ | အိန္ဒိယ | ၄၄၄၉၅၃၅၉ | ၄၃၉၁၉၂၆၄ | ၅၂၈၁၅၀ |
| ၃။ | ပြင်သစ် | ၃၄၇၀၁၇၁၀ | ၃၄၂၀၀၁၄၄ | ၁၅၄၄၆၈ |
| ၄။ | ဘရာဇီး | ၃၄၅၇၂၄၈၀ | ၃၃၆၁၂၄၅၆ | ၆၈၄၉၀၆ |
| ၅။ | ဂျာမနီ | ၃၂၄၅၂၂၅၀ | ၃၁၆၆၂၅၀၀ | ၁၄၈၂၉၉ |
| ၆။ | တောင်ကိုရီးယား | ၂၄၀၀၄၈၈၇ | ၂၂၅၆၁၂၁၁ | ၂၇၄၇၆ |
| ၇။ | ဗြိတိန် | ၂၃၅၅၄၅၁၉ | ၂၃၂၆၆၉၀၈ | ၁၈၉၀၂၆ |
| ၈။ | အီတလီ | ၂၂၀၃၅၇၁၇ | ၂၁၃၇၄၆၀၃ | ၁၇၆၁၇၅ |
| ၉။ | ဂျပန် | ၂၀၀၇၁၉၆၇ | ၁၈၉၀၁၅၇၀ | ၄၂၅၁၀ |
| ၁၀။ | ရုရှား | ၂၀၀၆၆၆၁၀ | ၁၉၀၆၁၀၀၆ | ၃၈၅၃၄၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၃၉၆၁၃ | ၁၀၃၂၂၀၀၃ | ၄၃၁၂၉ |
| ၂။ | အင်ဒိုနီးရှား | ၆၃၉၂၄၉၂ | ၆၂၀၀၇၇၆ | ၁၅၇၇၇၀ |
| ၃။ | မလေးရှား | ၄၈၀၃၆၂၄ | ၄၇၄၀၃၉၈ | ၃၆၂၇၇ |
| ၄။ | ထိုင်း | ၄၆၆၇၅၄၆ | ၄၆၂၂၄၁ | ၃၂၅၄၂ |
| ၅။ | ဖိလစ်ပိုင် | ၃၉၀၆၂၆၉ | ၃၈၁၈၂၈၁ | ၆၂၃၀၄ |
| ၆။ | စင်ကာပူ | ၁၈၅၈၄၉၇ | ၁၇၈၀၄၉၃ | ၁၆၀၂ |
| ၇။ | မြန်မာ | ၆၁၆၈၅၂ | ၅၉၄၂၈၀ | ၁၉၄၄၂ |
| ၈။ | ဘရူနိုင်း | ၂၂၃၀၅၉ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၉၄၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၁၀ | ၁၃၄၅၇၉ | ၃၀၅၆ |

✻ စာမျက်နှာ ၁၁ မှ

နိုင်ငံတော်ဝန်ကြီးချုပ်ကို ချစ်ခင်လို့ အခုလို လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို သွားရောက်ပြီး သမ္မတကြီးနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တဲ့ သတင်းတွေကိုကြားသိရပြီး ခရီးစဉ်တစ်လျှောက်လုံး အဆင်ပြေပြေနဲ့ ပြန်လာခဲ့တာကို ဝမ်းသာတဲ့အတွက် အခုလိုတကူးတက လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ လာရောက်ကြိုဆိုတဲ့အဖွဲ့မှာ ကျွန်မတို့ရဲ့ရွာသူရွာသား အယောက် ၃၀ ကျော်ပါပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရုရှားနိုင်ငံခရီးစဉ်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနဲ့ နိုင်ငံရေး၊ စီးပွားရေးစတဲ့ ကဏ္ဍပေါင်းစုံဆွေးနွေးခဲ့မှုတွေအပေါ် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ များစွာ ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလို သွားရောက်ခဲ့တဲ့အတွက်ကြောင့် ကျွန်မတို့နိုင်ငံအတွက် များစွာ အကျိုးရှိမယ်လို့ မျှော်လင့်မိပါတယ်။ တိုးတက်ပြောင်းလဲမှုတွေလည်း ရှိလာမယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်ကို အခုလိုသောင်းသောင်းဖြဖြ လာရောက်ကြိုဆိုကြတာဖြစ်ပါတယ်။

**ကိုသန်းထိုက်**

ကျွန်တော်ကတော့ ဇေယျာသီရိမြို့နယ် ရေဆင်းအုပ်စုကဖြစ်ပါတယ်။ ကျွန်တော်တို့ လာရောက်ကြိုဆိုတာ စုစုပေါင်း လူဦးရေ ၂၀၀ ကျော်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုသွားရောက်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးအပါအဝင် ကဏ္ဍအသီးသီးက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ အင်မတန် ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဇော်မျိုး(နေပြည်တော်)**

# ဗြိတိန်ဘုရင်မကြီး၏ နိုင်ငံတော်စျာပနအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်တွင် လန်ဒန်မြို့၌ ကျင်းပမည်

**လန်ဒန် စက်တင်ဘာ ၁၁**

ဗြိတိန်ဘုရင်မကြီး၏ နိုင်ငံတော်စျာပနအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်တွင် လန်ဒန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း တော်ဝင်မိသားစုက ယနေ့ တရားဝင်ကြေညာသည်။

ဘုရင်မကြီး အဲလိဇဘက်သည် စက်တင်ဘာ ၈ ရက်တွင် စကော့တလန်ရှိ Balmoral ရဲတိုက်၌ ကွယ်လွန်ခဲ့သည်။

ဗြိတိန်ပြည်သူများက ဘုရင်မကြီးအား အောက်မေ့သတိရသည့်အနေဖြင့် Balmoral ရဲတိုက်နှင့် လန်ဒန်မြို့ရှိ ဘက်ကင်ဟမ်နန်းတော်သို့ လာရောက်ပြီး လွမ်းသူ့ပန်းခွေများ လာရောက်ချလျက်ရှိသည်။

ဘုရင်မကြီး၏ စျာပနအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီတွင် လန်ဒန်မြို့ရှိ Westminster Abbey ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လေးရက်တာ ထားရှိမည်**

ဘုရင်မကြီး၏ ရုပ်အလောင်းကို Balmoral ရဲတိုက်မှ ယနေ့သယ်ဆောင်ပြီး ဒေင်ဘာ့ဂ်မြို့ရှိ ဘုရားကျောင်းတစ်ခု၌ ယာယီထားရှိကာ စက်တင်ဘာ ၁၃ ရက်တွင် လန်ဒန်မြို့ရှိ Westminster Hall သို့ ဆက်လက်သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ Westminster Hall သည် ပါလီမန်အဆောက်အအုံများအနက် ရှေးအကျဆုံးဖြစ်သည်။ အဆိုပါ အဆောက်အအုံ၌ ဘုရင်မကြီး၏ ရုပ်အလောင်းကို ပြည်သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် လာရောက်ကြည့်ရှုခွင့်ရရန် လေးရက်တာ ထားရှိမည်ဖြစ်သည်။

ထို့နောက် စက်တင်ဘာ ၁၉ ရက်တွင် ဘုရင်မကြီး၏ရုပ်အလောင်းကို Westminster ခရစ်ယာန်ဘုရားကျောင်းသို့ သယ်ဆောင်ကာ နိုင်ငံတော်စျာပနအခမ်းအနား ကျင်းပမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်






# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၇၆ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၁၁**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၇၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၄၉၅၃၅၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူပေါင်း ၄၇၉၄၅ ဦးရှိပြီး သေဆုံးသူ ၁၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၁၅၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၉၇၀ ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၉၁၉၂၆၄ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၈၉ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

■

# ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသား နှစ်သိန်းကျော် ပြည်ပအလုပ်အကိုင်ရရှိရေး နိုင်ငံအတွင်းမှ ထွက်ခွာ

**ကိုလံဘို စက်တင်ဘာ ၁၁**

ယခုနှစ် လက်ရှိအချိန်အထိ ကာလအတွင်း သီရိလင်္ကာနိုင်ငံသား နှစ်သိန်းကျော်သည် ပြည်ပအလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံအတွင်းမှ ထွက်ခွာခဲ့ကြကြောင်း သီရိလင်္ကာနိုင်ငံ အလုပ်သမားနှင့် ပြည်ပအလုပ်အကိုင်ဝန်ကြီးဌာန ဝန်ကြီး မာနူရှာနာနာယက်ကာရာက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

အဆိုပါ သီရိလင်္ကာနိုင်ငံသား နှစ်သိန်းကျော်သည် သီရိလင်္ကာနိုင်ငံ ပြည်ပအလုပ်အကိုင်ဗျူရို၌ မှတ်ပုံတင်ထားသူများဖြစ်ကြောင်းနှင့် တချို့သည်လည်း မှတ်ပုံတင်ခြင်းမရှိဘဲ ထွက်ခွာနိုင်ဖွယ်ရှိကြောင်း မာနူရှာနာနာယက်ကာရာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသို့ နိုင်ငံရပ်ခြားမှ သီရိလင်္ကာအလုပ်သမားများက ပေးပို့သည့် ငွေလွှဲပို့မှုသည် ဩဂုတ်လအတွင်းက အမေရိကန်ဒေါ်လာ ၃၂၅ သန်းရှိခဲ့ခြင်းကြောင့် ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၄ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ အလုပ်သမားနှင့် ပြည်ပအလုပ်အကိုင်ဝန်ကြီးဌာန ဝန်ကြီး မာနူရှာနာနာယက်ကာရာက ပြောကြားသည်။

ယခုနှစ်ကုန်ပိုင်းအထိ ကာလအတွင်း ပြည်ပအလုပ်အကိုင်ရရှိရေးအတွက် သီရိလင်္ကာနိုင်ငံသား ၃၃၀၀၀၀ ခန့် နိုင်ငံအတွင်းမှ ထွက်ခွာမည်ဟု မျှော်လင့်ရကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၆ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၆ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၃၀၄ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

**ပိုးတွေ့ဆဲလူနာ ၂၅၆၈၄ ဦးရှိ**

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၂၃၀ ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၀၆၂၆၉ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၅၆၈၄ ဦး ရှိသည်။

ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၀၅၆ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်






# အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်ခတ်၊ လူပေါင်း ၂၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ဂျကာတာ စက်တင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း၌ စက်တင်ဘာ ၁၁ ရက်တွင် ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူပေါင်း ၂၀၀ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ သဘာဝဘေးလျော့ပါးရေးအေဂျင်စီ ဘီအင်န်ပီဘီက ပြောသည်။

အဆိုပါမြေငလျင်သည် ဂျကာတာစံတော်ချိန် နံနက် ၁၁ နာရီ ၁၆ မိနစ်တွင် ဆူမတြားကျွန်း၏ အနောက်ဘက်ရှိ မန်တာဝေကျွန်းစု၌ အနက် ၂၇ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ယင်းဒေသတွင် ပြင်းအား ၅ ဒသမ ၃ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင် ထပ်မံလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သို့ရာတွင် ဆူနာမီဖြစ်လာနိုင်သည့် အန္တရာယ်မရှိကြောင်းလည်း သိရသည်။

ယင်းမြေငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် စာသင်ကျောင်းတစ်ကျောင်းနှင့် ကျန်းမာရေးဌာနတစ်ခု ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ သဘာဝဘေးလျော့ပါးရေးအေဂျင်စီ ဘီအင်န်ပီဘီက ပြောသည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - အလင်းသစ်

# တရားမဝင် သစ်မာ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် စက်တင်ဘာ ၁၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျပူးပေါင်းအဖွဲ့က သတင်းအရ ရန်ကုန်- မြဝတီလမ်းမကြီး မိုင်တိုင်အမှတ် ၉၇ မိုင် ၆ ဖာလုံ ရွှေဖြူရော်ဘာခြံအနီး ရောင်ကွင်းလမ်းထိပ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရောင်ကွင်းလမ်းအတွင်းမှ ထွက်ခွာလာသော Toyota Crown အမျိုးအစား လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အားကစားဝတ်စုံနှင့် ဖိနပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၇၃၅၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ကြီးမှ မန္တလေးသို့ ဝင်ရောက်လာသော ယာဉ်များတွင် တရားမဝင် အကောက်ခွန်မဲ့ ပစ္စည်းများ သယ်ဆောင်နေကြောင်း သတင်းအရ ရန်ကုန်-မန္တလေး လမ်းဟောင်း ထုံးဘိုဂိတ်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ စားသောက်ကုန် ပစ္စည်းမျိုးစုံ (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၈၅၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso အမျိုးအစား ခြောက်ဘီး ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၁၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Toyota Wish အမျိုးအစား လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စက်တင်ဘာ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ခပေါင်းကြိုးဝိုင်းအတွင်း ပျဉ်းကတိုးသစ် (သုည ဒသမ ၅၀၅၈) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၉၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၇ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၆၃၆၄၀၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

နောင်ချိုမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီတွင် နောင်ချိုမြို့နယ် မျက်ချီးနုကျေးရွာနေ မစန္ဒာခိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၂၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအနီးတွင် စိုင်းအွမ်(ခ) အိုက်ရှုန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ယန်းခမ်းကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ် သွားကားလမ်းတွင် ပေါလို မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



စိုင်းအွမ်(ခ)အိုက်ရှုန်နှင့် ပေါလိုတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၉-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ်ပရိတ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
- **၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
- **၁၁:၃၀** ဘဝနှင့်အနုပညာ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဝါးဝါးအချစ်ချိုချို' (အပိုင်း-၆)
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- **၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၇:၄၅** This Week's Special Interest
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း' (အပိုင်း-၁၃)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၂၃)

**mitv**

- **07:01** Evergreen Classic: Lat Yay Ta PyinHtal (Yin Wai Yan Tun)
- **07:10** NgaLaik Dam &NgaLaikKanTha Eco Resort
- **07:21** Will you feed the pigeons?
- **07:27** Bottle Gourd Painting
- **07:32** Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha
- **08:01** News
- **08:26** Asia Updates: Racing against the Coronavirus (Epi-2) (P-1) For a Shared Future
- **08:48** Myanmar Childhood Games (Episode-2)
- **08:56** Graffiti: Character Art
- **09:01** Myanma Gone Yi U SeinTunKyi
- **09:26** Discovering Tribes: Pre Kayaw (Their Life and Customs) (Part-1)
- **09:49** Gold from Garbage

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** သာယာလှပသောကျူထော်ရေတံခွန်သို့ သွားကြရအောင်
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၁)
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** အစွမ်းထက်တဲ့ရေတက်ကောင်းအကြောင်းသိကောင်းစရာ
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ချစ်စရာမွန်ရိုးရာအိမ်
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** မျိုးဝက်တင့်စေ ယဉ်ကျေးမှုအမွေ (အပိုင်း-၁)
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ပင်လောင်းသို့ခရီးသွားခြင်း (အပိုင်း-၁)
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** နှမ့်လျှန်ချောင်း (ဟိုပန်မြို့)
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး
- **ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ဝုံးအစပ်ချက်နှင့် သခွတ်ပွင့်သုပ်
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ပုသိမ်ထီးလုပ်ငန်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၄၅** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်းသိမှတ်ဖွယ်ရာ'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
- **၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် (သမဝါယမဦးစီးဌာန)
- **၀၇:၀၀** လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြိုးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
- **၀၈:၂၀** တောင်သူဦးကြီးဘဝမြင့်တင်ဖို့ ကြယ်ပဲသီးနှံစိုက်ကြစို့
- **၀၉:၂၀** တောင်သူလယ်သမားများအကျိုးတိုးသယ်ပိုး
- **၀၉:၄၅** ခေတ်မီတွေးမြင်နည်းသစ်ထွင်

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်း အစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”

“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”

“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”



## ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဒေသတွင်းစားနပ်ရိပ်ကခွာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကိုးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ချင်းပြည်နယ်မတူပီမြို့၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၊ သပိတ်ကျင်းမြို့နှင့် မကွေးတိုင်းဒေသကြီးနတ်မောက်မြို့၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆောင်းနှမ်းကြာစိုက်ပျိုးရာ၌ ရေ၊ မြေ၊ ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းပညာများကို ထွက်နှုန်းကောင်းမွန်စေရန် တောင်သူများထံ လက်တွေ့ပို့ချပညာပေးသွားမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၂၂ ခုနှစ်တွင် ဆောင်းနှမ်းကြာရာသီချိန်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၈၄၆၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ စိုက်ပျိုးရေးတောင်သူတို့ထံ နည်းပညာများ ပံ့ပိုးပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဝန်ထမ်း ၂၀၀ အား အရည်အသွေးမြှင့်သင်တန်းများ ပို့ချထားကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းနေကြာ ၁၃၉ ဧက၊ မြေပဲ ၃၇၆၃ ဧကနှင့် နှမ်း ၅၀၆၁ ဧက စိုက်ပျိုးခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ပြည်တွင်း၌ ဆီလုံလောက်စွာ စားသုံးနိုင်ပြီး ပြည်ပမှဝယ်ယူမှု လျှော့ချနိုင်ရန် ပြည်တွင်းစိုက်ပျိုးမှုကို တိုးမြှင့်မှုအဖြစ် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ ဆောင်းနေကြာကို တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေကြာ ၈၄၆၅ ဧကဖြင့် ယမန်နှစ်စိုက်ဧရိယာထက် တိုးမြှင့်စိုက်ပျိုးရန် စီမံထားရာ တောင်သူများ နည်းပညာအခက်အခဲမရှိစေရန် စိုက်ပျိုးရေးဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်သင်တန်းများ ကြိုတင်ပို့ချထားခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်းနေကြာဧရိယာ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများအား သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား ၅၀ ဖြင့် သင်တန်းလေးကြိမ် ဖွင့်လှစ်ခဲ့သည်။ သင်တန်းတက်ရောက်ထားသူများအနေဖြင့် တောင်သူများ ဆောင်းနေကြာ စိုက်ပျိုးရာ၌ ရေ၊ မြေ၊ ဒေသနှင့်ကိုက်ညီသောစိုက်ပျိုးရေးနည်းပညာများကို ထွက်နှုန်းကောင်းမွန်စေရန် တောင်သူများထံ လက်တွေ့ပို့ချမှုအဖြစ် ပညာပေးဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း ဆောင်းနေကြာအား မြို့နယ်ပေါင်း ၁၅ မြို့နယ်ရှိ ကျေးရွာပေါင်း ၂၉၇ ရွာတို့တွင် အောက်တိုဘာလ နောက်ဆုံးပတ်နှင့် နိုဝင်ဘာလပထမပတ်မှစတင်၍ အခြားဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့်အတူ တစ်ပြိုင်တည်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–ညိမ်းသူ၊ ဓာတ်ပုံ–ကနူး**



## ချောင်းသာမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**ချောင်းသာ စက်တင်ဘာ ၁၁**

ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာမြို့၌ ကိုဗစ်–၁၉ ရောဂါနှင့် ဆက်စပ်ဖြစ်ပွားလျက်ရှိသော ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်စေရန် ယနေ့နံနက် ၇ နာရီက နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်၍ နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ရာတွင် မြို့အုပ်ချုပ်ရေးမှူးရုံး၊ မြို့စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ရွှေသာယာမြို့မဈေးကြီးအတွင်း ဈေးရောင်း၊ ဈေးဝယ်များ၊ လူစည်ကားသည့် လမ်းဆုံလမ်းခွများတွင် သွားလာကြသည့် ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန်အတွက် နေအိမ်ပြင်ပသွားလာပါက မဖြစ်မနေ နှာခေါင်းစည်းများ တပ်ဆင်သွားလာကြရန် အသိပညာပေးခဲ့ပြီး နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ချောင်းသာ(ပြန်/ဆက်)**



## မြန်အောင်မြို့နယ်၌ ရွှေ့လျားဈေးကားဖြင့် ခြံထွက်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာရောင်းချ

**မြန်အောင် စက်တင်ဘာ ၁၁**

မြန်အောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်းပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရွှေ့လျားဈေးကားနှင့် ခြံထွက်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ယနေ့နံနက်က မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက်အတွင်း လိုက်လံရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း ရပ်ကွက်နေပြည်သူများ ခြံထွက်ဟင်းသီးဟင်းရွက်၊ ပဲသီး၊ ခရမ်းသီး၊ သခွားသီး၊ ရုံးပတီသီး၊ ကန်စွန်းရွက်၊ ခဝဲသီးစသည်တို့အား ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ရပ်ကွက်များအတွင်း ရွှေ့လျားဈေးကားဖြင့် သွားရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြန်အောင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၅ | ၂၄၀၅ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၃၁၆၀ |
| 95 Ron | ၂၄၇၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၅၁၅ | ၂၅၄၀ | ၂၅၂၅ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၁၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၇၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၉၉၀ | ၃၀၃၅ | ၃၀၃၀ | ၂၉၉၅ | ၃၀၃၅ | ၃၀၅၅ | ၃၀၅၀ | ၃၀၂၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၂၅ | ၃၀၃၅ | ၃၀၇၀ | ၃၀၇၀ | ၃၀၇၀ | ၃၂၉၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၇ | ၂၃၃၆ |
| 95 Ron | ၂၃၅၈ | ၂၄၃၉ |
| HSD (500 ppm) | ၂၈၆၃ | ၂၉၅၀ |
| HSD (50 ppm) | ၂၉၄၃ | ၃၀၃၁ |
| HSD (10 ppm) | ၂၉၄၃ | ၃၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဝါးခယ်မမြို့နယ်၌ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဝါးခယ်မ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သရွတ်မြိုက်ကျေးရွာရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက် ဦးဆောင်သော စစ်ကြောင်းကြီး ငါးကြောင်းမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် (အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းရုံးရေး) စသည့် စစ်ကြောင်းကြီး ငါးကြောင်းမှ တာဝန်ရှိသူများက သရွတ်မြိုက်ကျေးရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ နှမ်းစပါး၊ ပဲတီစိမ်း၊ နေကြာ စသည့်စိုက်ပျိုးသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု၊ သမဝါယမဦးစီးဌာနနှင့်ဆက်သွယ်၍ ကန်ထရိုက် လယ်ယာလုပ်ငန်း၊ အကျိုးတူလယ်ယာစနစ်ဖြင့် စပါးနှင့်ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းများဖောက်လုပ်ရန်လျာထားမှု၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (နောက်ဆုံးအကြိမ်) ဖြေဆိုခွင့်လျှောက်လွှာပုံစံများအား စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း မြို့နယ်ပညာရေးမှူးရုံးတွင် ဝယ်ယူလျှောက်ထားနိုင်မှု၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း/ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရန်လိုအပ်မှု အခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအခြေအနေများနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် စစ်ကြောင်းကြီး ငါးကြောင်းမှ အဖွဲ့ခေါင်းဆောင်များက လိုအပ်သော လုံခြုံရေးအစီအမံများ၊ ပြည်သူများ၏ လိုအပ်ချက်၊ တင်ပြချက်များကို သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မိုးညိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေး

**မိုးညို စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊ ပြည်သူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် နေအိမ်ပြင်ပသို့သွားလာရာတွင် နှာခေါင်းစည်းစနစ်တကျ တပ်ဆင်သွားလာနိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းဖြန့်ဝေခြင်းကို ယမန်နေ့နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုးတို့၏ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက မြို့အတွင်း လူအသွားအလာများသည့်



ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ စည်ပင်သာယာဈေးအတွင်းနှင့် ဈေးပတ်ဝန်းကျင်ရှိ လမ်းဆုံများတွင် နှာခေါင်းစည်း အခု ၁၀၀၀ အားဖြန့်ဝေပေးခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်သွားလာနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ ရေနေနို့တိုက်သတ္တဝါထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ချောင်းဆုံ စက်တင်ဘာ ၁၁**

မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်းရှိ ကမ်းနီးငါးဖမ်းလုပ်ငန်းတည်ရှိရာ ကလော့/အပြိုင်ကျေးရွာနှင့် ဆယ်ပလာကျေးရွာတို့၌ ရေနေနို့တိုက်သတ္တဝါများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အသိပညာပေးခြင်းနှင့် ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်နှင့် ချောင်းဆုံမြို့နယ်တာဝန်ခံ ဦးနေမျိုးအေးတို့က ရေနေနို့တိုက်သတ္တဝါများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် အသိပညာပေးဟောပြောခဲ့ကြပြီး ကျေးရွာရှိ ကမ်းနီးငါးဖမ်းလုပ်ကိုင်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

အဆိုပါ အခြေခံစားသောက်ကုန်များ ရောင်းချခြင်းကို ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံစားသောက်ကုန်များအား သက်သာသော ဈေးနှုန်းဖြင့် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဆန် ၁၀ အိတ်ကိုလည်းကောင်း၊ ဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၃၃၀၀ နှုန်း၊ ကြက်ဥတစ်လုံးလျှင် ကျပ် ၁၀၀ နှုန်းဖြင့် ကြက်ဥအလုံး ၃၀၀ ကိုလည်းကောင်း၊ ဆားနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို သက်သာသော ဈေးနှုန်းဖြင့် အိမ်ထောင်စုပေါင်း ၂၅၀ အား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အခြေခံစားသောက်ကုန်များ ရောင်းချပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများက ဈေးရောင်း/ဈေးဝယ်နေမှုများအား သွားရောက်ကြည့်ရှုအားပေးကူညီခဲ့ကြပြီး ကျန်ရှိနေသော မြို့ပေါ်ရပ်ကွက်နေ အခြေခံလူတန်းစားအိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း / တံတား တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မကွေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်း(မကွေး-အောင်လံ) လမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။




ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတံတား(သရက်-အောင်လံ) စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဧရာဝတီတံတား(သရက်-အောင်လံ)သည် အရေးပါသည့် တံတားတစ်စင်းဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်ဆန်စွာပြီးစီးနိုင်ရေးအဘက်အဘက်မှ စဉ်းစားပြီး ဝိုင်းဝန်းကြိုးပမ်း ပေါင်းစပ်ဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။

ဧရာဝတီတံတား(သရက် - အောင်လံ)သည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင် တည်ရှိပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်း အောင်လံမြို့နှင့် အနောက်ဘက်ကမ်း သရက်မြို့တို့ကို ဆက်သွယ်တည်ဆောက်ထားသော တံတားတစ်စင်း ဖြစ်သည်။ တံတားကြီး၏အရှည်မှာ ၂၂၇၂ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းကင်းလွတ် အကျယ် မီတာ ၁၃၀ နှင့် အမြင့် ၁၆ မီတာရှိပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်ခုံးတံတား အမျိုးအစားဖြစ်ပြီး တံတား၏ခံနိုင်ဝန်မှာ AASHTO HS-25 Loading ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ(ရန်ကုန်-ပြည်- မကွေး-မန္တလေး)လမ်းပိုင်းအား B.O.T စနစ်ဖြင့် မက်(စ်)ဟိုင်းဝေးကုမ္ပဏီမှ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၅၇/၃)နှင့် (၁၅၇/၅)ကြား မျက်ကွယ်ကွေ့နေရာအား ယာဉ်အန္တရာယ်မဖြစ်စေရေးတို့အတွက် လမ်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ မက်(စ်)ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးနှင့် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတိုးတိုးတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန သာယာဝတီခရိုင်ရုံးတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရှိ အဆောက်အဦဦးစီးဌာန၊ လမ်း ဦးစီး ဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အထူးအဖွဲ့များမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်နှင့်အညီ တာဝန်ထမ်းဆောင်ပြီး ပါတီနိုင်ငံရေးကင်းရှင်းရန်လိုကြောင်း၊ တာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်စေလိုကြောင်း၊ ကူးစက်ရောဂါများ မပြန့်ပွားစေရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကာကွယ်ဆောင်ရွက်ရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်စဉ် စာရွက်၊ စာတမ်းလုံခြုံရေး၊ စက်ယာဉ်ယန္တရားလုံခြုံရေး၊ လူလုံခြုံရေး ဂရုပြုဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အဆောက်အဦဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်တို့က လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဝန်ထမ်းများ၏ ပြန်လည်တင်ပြဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မိတ္ထီလာမြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သမဝါယမအသင်းစုခန်းမ၌ ကျင်းပသည်။

အဆိုပါ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်ငြိမ်းက အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွေးနုနုလှိုင်တို့က အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာသူများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ၁၈ လစာ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ၊ မြို့နယ်သမဝါယမအသင်းစုဒါရိုက်တာအဖွဲ့၏လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ ဘဏ္ဍာရေးစာရင်းများအပေါ် အသင်းစာရင်းစစ်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကိုလည်းကောင်း တင်ပြကြသည်။

ယင်းနောက်လုပ်ငန်းအစီအရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးစာရင်းများ၊ ရှေ့လုပ်ငန်းစဉ်များ၊ အမြတ်ခွဲဝေစာရင်းများကို အရပ်ရပ်ဆိုင်ရာအစည်းအဝေးမှ မှတ်တမ်းတင် အတည်ပြုကြောင်း ဆုံးဖြတ်ချက်များကို တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် မြို့နယ်သမဝါယမအသင်းစု၏ အသင်းသား အသင်းဝင်များက ချမှတ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပို့ဆောင်



နေပြည်တော် စက်တင်ဘာ ၁၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ် အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဇဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနိုင်သော Myanco-pharm၊ Sinovac နှင့် Sinopharm ဆေးများကို ယနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့သို့ Myanco-pharm ဆေး ၁၂၀၂၇ လုံး၊ Sino-vac ဆေး ၆၄၁၇ လုံး၊ Sinopharm ဆေးအလုံး ၉၀၀ နှင့် ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာ နေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

## လပွတ္တာမြို့၌ မျိုးဥဆောင်ငါးသလောက်ငါးများ ဖမ်းဆီးခြင်းမပြုစေရေး အသိပညာပေး



လပွတ္တာ စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ရွှေးမြစ်ဝမှ ရွှေးမြစ်ကြောင်းတစ်လျှောက်၊ ပြန်မလော့မြစ်ဝမှ ပြန်မလော့မြစ်ကြောင်းတစ်လျှောက်တွင် ဥချသားပေါက်ရန် ရေချိုသို့ဆန်တက်လာသည့် ဥဆောင်ငါးသလောက်ငါးများအား နှစ်စဉ် စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ဖမ်းဆီးခြင်းမပြုလုပ်ကြရန် အမိန့်ကြော်ငြာစာဖြင့် တားမြစ်ချက်အပေါ်ရေလုပ်သားများသိရှိလိုက်နာစေရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီတွင် မြစ်ကြောင်းများတစ်လျှောက် ကွင်းဆင်း၍ အသိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပေးတားမြစ်ချက်ပိုစတာများ စိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးလုပ်ငန်းများအား မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းအောင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |


# (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာစည်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း



**သာစည် စက်တင်ဘာ ၁၁**

(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အရေးပေါ်သွေးလိုအပ်ချက်များရှိပါက အသင့်အသုံးပြုနိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ဦးဆောင်မှုဖြင့် သာစည်မြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးနှင့် အခြားအဆင့် ခုနစ်ဦး စုစုပေါင်း ရှစ်ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဇေယျာမျိုးနှင့် ဝန်ထမ်းများက သွေးလှူဒါန်းနိုင်ရန် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အမှတ် (၂) ရပ်ကွက်ရှိ အတုလမာရဇိန်ကြေးသွန်းဘုရားကြီးဝင်းအတွင်း ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသီဟကျော်၊ မြို့မစခန်းမှူး ဒုတိယရဲမှူး ညီညီတို့ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့မိသားစုဝင်များ စုစုပေါင်း ၅၄ ဦးဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ကျောင်းကုန်းမြို့၌ ပလတ်စတစ်အိတ်များ အသုံးမပြုစေရေး လိုက်လံစစ်ဆေး

**ကျောင်းကုန်း စက်တင်ဘာ ၁၁**

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းနှင့် ပျံကျဈေးအတွင်းသို့ ယနေ့နံနက်ပိုင်းက ပလတ်စတစ်အိတ်အသုံးမပြုရေးနေ့အဖြစ် ကြာဖက်၊ အင်ဖက်၊ သတင်းစာများဖြင့်သာ ရောင်းချစေရေး ပူးပေါင်းအဖွဲ့ဖြင့် လိုက်လံစစ်ဆေးခဲ့ကြသည်။



အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့်ဈေးမရောင်းရနေ့ဟု သတ်မှတ်ကာ တစ်ပတ်ကို တစ်ရက်သာ အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာတို့ဖြင့် ရောင်းချရမည်ဟု သတ်မှတ်ထားရှိသဖြင့် သား/ငါးရောင်းချနေသူများနှင့် ကုန်မျိုးစုံရောင်းချနေသူများ ကြာဖက်နဲ့ထုပ်ရာတွင် အဆင်မပြေမှုများရှိသော်လည်း တစ်ရက်တာ လျှော့ချနေမှုတွင် ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ်ထွေ/အုပ်မှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြို့မစခန်းမှူး ဒုရဲမှူး မျိုးသန့်ခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးတင်ကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်က ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသျှင်မင်းသူရ၊ ဇနီး ဒေါ်တင်တင်မော်တို့ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့်အတူ ဉာဏဗလပရိယတ္တိစာသင်တိုက်ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ဇော်ရှင်း(ဥသာ)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက တာမွေမြို့နယ် ဗျိုင်းရေအိုးစင် ကွက်သစ်ရပ်ကွက် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံဝင်းအတွင်း တာမွေမြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၂၅) ယာဉ်ထိန်းတပ်စုမှ တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သားများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သဃ်န်းကျွန်းခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးလှသိန်း ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်သန်းဦးစီးသောအဖွဲ့နှင့် ရေနံမြေရဲတပ်ဖွဲ့မှ ဒုရဲမှူး စိုးသန်းထွန်းဦးစီးသော ပူးပေါင်းအဖွဲ့တို့ မင်းလှမြို့မရဲစခန်း၏တောင်ဘက် နှစ်ဖာလုံခန့်အကွာ ရုံးရပ်တောင်ပိုင်းရပ်ကွက် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

သတင်းစဉ်



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်က ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်မင်းဆွေနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ အမှတ်(၇)ရပ်ကွက် သစ္စာလမ်းရှိ ရန်ကင်းကလေးဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ကြေးမုံ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၉-၉-၂၀၂၂ ရက်နေ့မှအဆက်

“မော်နားလည်ပါတယ် ‘မ’ ရဲ့၊ ဒါပေမဲ့ ဂရေစီတို့ကို ခံပြင်းလို့။ ဂရေစီက ပါတီပွဲမှာဆိုရင် ဗိုလ်မလေးကျနေတာပဲ။ အမေရိကန်သီချင်းတွေကို ဆိုတီးပြနိုင်တယ်။ မော်တို့ကို သူက သိပ်ကြွားတာပဲ။ ပြီးခဲ့တဲ့ ဆန်းဒေးကတောင် မော် ဂရေစီကို ပြောခဲ့သေးတယ်။ ဒီတစ်ခါ နွေကျောင်းပိတ်ရင် မင်းထက်သာအောင် တီးနိုင်ရမယ်လို့ ပြောခဲ့တယ်”

‘မ’ သည် မော်၏စကားများကို နားထောင်ရင်း သက်ပြင်းကလေး မသိမသာချလိုက်မိသည်။

“ဖြစ်မှဖြစ်ရလေ မော်ရယ်၊ ဒါမျိုးဆိုတာ ခံပြင်းရင် ဖွင့်မပြောရဘူး။ ကျိတ်ပြီး သူများထက်သာအောင် ကြိုးစားရတယ်။ ကိုယ်က သူများထက်သာတော့လည်း နေရာတကာ ကြွားနေစရာမလိုဘူး၊ အခွင့်ကြုံမှ မသိမသာ ပြလိုက်ရုံရှိတယ်”

“မော် နားလည်ပါတယ် ‘မ’ ရဲ့။ မော်တို့ကတော့ ရှင်းရှင်းပဲ၊ မကျေနပ်ရင် ဝမ်းထဲမှာ ကျိတ်မထားနိုင်ဘူး။ ချက်ချင်းပြန်နှက်လိုက်မှာပဲ။ အချိန်ဆွဲမနေနိုင်ဘူး။ ကဲ...ကော်ဖီဆာပြီကွယ်၊ ‘မ’ တို့ သောက်ပြီးကြပြီလား”

“ မသောက်ရသေးဘူးလေ၊ မောင်အေးကို ပြောလိုက်ပေါ့ ”

“မောင်အေးရေ၊ ဟေ့...မောင်အေး၊ ကော်ဖီဖျော်ပြီးပြီလား။ ဘယ်အချိန်ရှိပြီလဲ”

“အားလုံးပြင်ပြီးပြီ မမလေး”

နင့်ဘာနင်ပြင်ထားပြီး လာမပြောဘဲ သိပ့်မလား။ ဘယ်လိုအူကြောင်ကြောင်တွေမှန်းလည်း မသိဘူး။

မော်သည် ထမင်းစားခန်းတွင် မောင်အေးနှင့် ဆူ၍နေတော့သည်။ ‘မ’ က မသိမသာ ပြုံးလိုက်မိသည်။

“ကဲ ... ဆရာ၊ ကော်ဖီသောက်ရအောင်”

‘မ’ တို့ ထမင်းစားခန်းသို့ ဝင်လာသောအခါ မော်သည် ပေါင်မုန့်ထောပတ်သုတ်များကို ပလုတ်ပလောင်း စားနေလိုက်သည်။ ‘မ’ က ကိုဘခက်အတွက် ကော်ဖီငှဲ့ပေးလိုက်ရင်း မုန့်ပန်းကန်ကို ရှေ့သို့ ထိုးပေးလိုက်သည်။

မော်သည် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ မုန့်ကိုသာ အားရပါးရစားလိုက်သည်။

“မွန်တစ်ယောက်ရော ပြန်မလာသေးဘူးလား”

“ဟင့်အင်း...ပြန်မလာသေးဘူး”

“လေးနာရီတောင်ထိုးနေပြီ၊ ဒီအချိန် ကလပ်စ်မရှိတော့ပါဘူး။ ဘယ်များလျှောက်လည်နေလဲ မသိဘူး”

“သူတို့က ပရက်တီကယ်ရှိတယ်မဟုတ်လား မော်ရဲ့၊ ဘယ်ပြောနိုင်မလဲ”

မော်သည် ပေါင်မုန့်ဘေးသားများကို နောက်သို့ လွှင့်ပစ်လိုက်သည်။

ဘာလို့မပြောနိုင်ရမှာလဲ ‘မ’ ရဲ့၊ ဗစ်တာနဲ့ လွတ်နေကြတာ။ ဟိုနေ့ကလည်း ရုပ်ရှင်ကြည့်မယ်ဆိုပြီး မော်ရယ်၊ ဂရေစီရယ်၊ ဘလှသန်းထွန်းရယ်ကို အလုပ်ရုံမှာချပေးပြီး သူတို့က ဘယ်မှာလွတ်နေကြတယ်မသိဘူး”

“ဒါလောက်တောင် မနေနိုင်မထိုင်နိုင် ဖြစ်နေကြရင် ယူလိုက်ကြပေါ့”

“ဟဲ...မော်....မင်းပါးစပ်ကို အပ်နဲ့ချုပ်ထားစမ်း”

မော်သည် ဘာမျှပြန်မပြောတော့ချေ။ အသင့်ငှဲ့ပြီးသား ကော်ဖီကို တစ်ကျိုက်တည်း မော့၍သောက်လိုက်ပြီးလျှင် ထွက်သွားလေသည်။

‘မ’ ကမူ မော့်ကိုကြည့်ရင်း ရင်လေးမိသည်။ မော်သည် ကောလိပ်သို့ရောက်နေသော်လည်း ကလေးစိတ်ကား မပျောက်သေးချေ။ ထင်ရာလုပ်၊ ထင်ရာပြော ကလေးဆိုးလေးကဲ့သို့ အမြဲတမ်း သူက အနိုင်ယူတတ်သည်။

“မော်ဟာ ခုထိ ကလေးလိုပဲဆရာရယ်၊ သိပ်စိတ်ညစ်စရာကောင်းတာပဲ”

“ဒီအရွယ်တွေဟာ ဒီလိုပဲ၊ မြီးကောင်ပေါက် အပျိုသင်စဆိုတာ ထိန်းလို့မရသေးဘူး။ သူတို့စိတ်က သန်ချင်ရာ သန်တတ်တယ်။ ပြောချင်တာ လုပ်ချင်တာဆိုလည်း ဘာမှစဉ်းစားမနေဘူး။ ချုပ်တည်းမနေဘူး။ ကောင်းတာက ဝါသနာတစ်ခုခုထဲမှာ စွဲလမ်းနေရင် ကောင်းတယ်။ စိတ်လည်းငြိမ်သွားတယ်”

“မော်ကတော့ ဘာမှစွဲစွဲလမ်းလမ်းရှိမှာမဟုတ်ဘူး ဆရာ။ ခပ်ပေါ့ပေါ့ပဲ နေသွားမှာပဲ။ သူသိတာက ကောင်းကောင်းစားမယ်၊ ကောင်းကောင်းအိပ်မယ်၊ ဒါပဲသိတယ်။ ‘မ’ တို့ ညီအစ်မသုံးယောက်ထဲမှာ မော်တစ်ယောက်ကတော့ တစ်ဘာသာပဲဆရာ။ ‘မ’ နဲ့လည်းမတူဘူး၊ မွန်နဲ့လည်းမတူဘူး။ မွန်ဆိုရင် သိပ်ရည်မှန်းချက်ကြီးတယ်။ မက်ထရစ်မအောင်ခင်ကတည်းက ဆရာဝန်မ ဖြစ်ရမယ်ဆိုပြီး ကြိုးစားတာ၊ သူရည်မှန်းတဲ့အတိုင်း ဖြစ်တာပဲ။ ဖေဖေက မွန်ဆရာဝန်ဖြစ်ရင် ဆေးတိုက်ဖွင့်ပေးမယ်တဲ့။ မွန်ဟာ ‘မ’ ထက် မာနကြီးတယ်၊ ပြတ်သားတယ်။ သူလိုချင်တာကို မရရအောင်ယူတယ်။ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တယ်။ ‘မ’ အနေနဲ့ဆိုရင် လောကမှာ စိတ်အေးအေးချမ်းချမ်းနေရရင် တော်ပြီ။ အပင်ပန်းလည်း သိပ်မခံချင်ဘူး။ စိတ်ဆင်းရဲလည်း သိပ်မခံချင်ဘူး။ ရည်မှန်းချက်လည်း သိပ်မကြီးချင်ဘူး။ ရည်မှန်းတဲ့အတိုင်းဖြစ်ရင်တော့ ကောင်းတယ်။ မဖြစ်ရင် ပင်ပန်းရတယ်။ ဒီတော့ ရောင့်ရဲနိုင်တဲ့စိတ်ကိုလည်း မွေးဖို့ကြိုးစားပြန်တယ်။ မော်ကတော့ ဒီလိုမဟုတ်ဘူး။ မွန်လိုလည်း ရည်မှန်းချက်မရှိဘူး၊ ‘မ’ လိုလည်း ရောင့်ရဲနိုင်တဲ့စိတ် ရှိမှာမဟုတ်ဘူး။ ဒီကလေးမအတွက်ဟာ တော်တော်ခက်တယ်”

‘မ’ က မော့်အကြောင်းကို ပြောနေသော်လည်း ကိုဘခက်၏စိတ်ထဲ၌ကား ‘မ’ အကြောင်းကိုသာ စိတ်ဝင်စားနေသည်။ မော့်အကြောင်းကိုပြောရင်းမှ သူတို့ညီအစ်မသုံးယောက်၏ စိတ်နေစိတ်ထား ရည်မှန်းချက်များကို နှိုင်းယှဉ်ပြလိုက်သောအခါ ကိုဘခက်သည် ‘မ’ ကို ပိုလေးစားလာမိသည်။

‘မ’ သည် လူများ၏သဏ္ဍာန်ကိုသာ မြင်နိုင်စွမ်းရှိခြင်းမဟုတ်၊ သူ့ကိုယ်သူလည်း ပြန်၍မြင်နိုင်စွမ်းရှိသူဖြစ်သည်။ သူ့ကိုယ်သူမြင်ရာ၌လည်း အထင်ကြီးမှုမပါ။ နှိမ့်ချသောအမြင်မျိုးဖြင့်သာ မြင်တတ်သည်မှာ လေးစားစရာကောင်းလှသည်။

အမှန်၌ ‘မ’ လို အသက်အရွယ်လောက်ဖြင့် ဤမျှရင့်ကျက်သော အတွေးအခေါ်မျိုးကို တွေးခေါ်ဝေဖန်နိုင်ခြင်းမှာ ချီးကျူးစရာဖြစ်လေသည်။

ကိုဘခက်သည် ‘မ’ ကိုကြည့်နေရင်းမှ သူ၏ထင်မြင်ချက်ကို အဆက်အစပ်မရှိဘဲ ဖွင့်ထုတ်လိုက်သည်။

“ခင်ဗျားတွေးခေါ်ပုံတွေဟာ နက်နဲသားပဲ။ အနုပညာသည်တစ်ယောက်ဖြစ်ချင်ရင် အတွေးအခေါ်လည်းနက်နဲမှ၊ စိတ်ဓာတ်လည်း လေးနက်မှ တကယ်တမ်း ထက်မြက်တဲ့ပညာရှင်တစ်ယောက်ဖြစ်နိုင်တယ်။ ကျော်ကြားမှုကို မလိုလားဘဲ ပညာကိုသာ တကယ်လိုက်စားရင်တော့ ခင်ဗျားဟာ ပညာရှင်ကောင်းတစ်ယောက်ဖြစ်နိုင်တယ်”

ကိုဘခက်သည် ပြောပြောဆိုဆိုပင် နေရာမှထ၍ သွားလေသည်။ ‘မ’ သည် ကိုဘခက်ကို ကြောင်ကြည့်နေမိသည်။ မော့်အကြောင်းကို ပြောနေရင်းမှ မဆီမဆိုင် သူ့အကြောင်းကိုသာ ဝေဖန်သွားသော ကိုဘခက်ကို နားမလည်နိုင်အောင်ရှိတော့သည်။

ကိုဘခက်သည် သူ စိတ်ဝင်စားသောအရာကိုသာ ပြုမူပြောဆိုတတ်သော လူတစ်ယောက်ဖြစ်ကြောင်းကို ‘မ’ က ကောင်းကောင်းရိပ်မိလေသည်။

အမှန်ဆိုတော့လည်း ‘မ’ လို မိန်းကလေးတစ်ယောက်အတွက် ကိုဘခက်သည် လူထူးလူဆန်းကြီးတစ်ယောက် ဖြစ်နေရသည်မှာ ဘာမျှမဆန်းတော့ချေ။

“ကနေ့ည ကိုဘခက်သည် ထမင်းစားပြီးကတည်းကပင် အခန်းတွင်း၌ စာဖတ်နေသည်။ အပေါ်ထပ်ဆီမှ ‘မ’ စောင်းသံကို ကြားရသည်။ ‘မ’ သည် ညကိုးနာရီထိုးလျှင် စာကြည့်ချိန်ကို တစ်နာရီနား၍ စောင်းတီးတတ်သည်။ ပြီးမှ စာကိုဆက်ကြည့်တတ်သည်။ ယခုလည်း ‘မ’သည် နေ့ခင်းက ကိုဘခက် အသစ်တက်ပေးထားသော သာယာသီချင်းကို အကြိမ်ကြိမ် ပြန်၍တီးနေသည်။ ကိုဘခက်သည် စာဖတ်နေရင်းမှ ‘မ’ တီးသောအကွက်များ မှန် မမှန် လိုက်၍နားထောင်ကြည့်လိုက်မိသည်။ ‘မ’ သည် ကိုဘခက်တက်ပေးသည့် အတိုင်း တစ်လုံးမလွဲအောင် တီးနိုင်သည်ကို ကြားရသောအခါ ...”

[၄]

ကနေ့ည ကိုဘခက်သည် ထမင်းစားပြီးကတည်းကပင် အခန်းတွင်း၌ စာဖတ်နေသည်။ အပေါ်ထပ်ဆီမှ ‘မ’ စောင်းသံကို ကြားရသည်။ ‘မ’ သည် ညကိုးနာရီထိုးလျှင် စာကြည့်ချိန်ကို တစ်နာရီနား၍ စောင်းတီးတတ်သည်။ ပြီးမှ စာကိုဆက်ကြည့်တတ်သည်။ ယခုလည်း ‘မ’ သည် နေ့ခင်းက ကိုဘခက် အသစ်တက်ပေးထားသော သာယာသီချင်းကို အကြိမ်ကြိမ် ပြန်၍တီးနေသည်။

ကိုဘခက်သည် စာဖတ်နေရင်းမှ ‘မ’ တီးသော အကွက်များ မှန် မမှန် လိုက်၍နားထောင်ကြည့်လိုက်မိသည်။ ‘မ’ သည် ကိုဘခက်တက်ပေးသည့် အတိုင်း တစ်လုံးမလွဲအောင် တီးနိုင်သည်ကို ကြားရသောအခါ စိတ်ထဲတွင် အလိုလိုကျေနပ်မိသည်။

ထိုအတွင်းမှာပင် ကားရပ်သံ ကြားလိုက်သည်။ မွန့်၏အသံကိုလည်း ကြားရသည်။

“မော်ရေ...‘မ’ ရေ...လာကြပါကွယ်၊ ဒက်ဒီ့ကိုလည်း ပြောလိုက်ပါ။ မာမီရော...မာမီ အောက်ကို ခဏဆင်းခဲ့ပါ”

“လာပြီ...မွန်ရေ...‘မ’ရေ...မွန်ခေါ်နေတယ်။ ဒက်ဒီ...ဒက်ဒီ” အပေါ်ထပ်မှ အပြေးအလွှားဆင်းလာသောအသံများကို ကြားရသည်။ ဦးကျော်ဒင်၏အသံလည်း ကြားရသည်။

“ဘာများလဲ အထိတ်တလန့်...နင်တို့ဟာ၊ မော်ကို တော်တော်ကဲတယ်။ ဘာဖြစ်ဖြစ် အလန့်တကြားချည်းပဲ”

ဧည့်ခန်းတွင် လူစုံလောက်သည့်အချိန်တွင် မွန်၏ အသံကို ကြားရသည်။

“မောင်ရေ...ဟေ့...မောင်၊ လာပါဦးကွယ်၊ အံမယ်... သူ ရှက်နေတယ်ထင်ပါရဲ့။ မော်ရေ...ဆရာ့ကို သွားခေါ်”

ကိုဘခက်သည် စာကြည့်နေရာမှ အခန်းပေါက်ဆီသို့ လှမ်း၍ကြည့်လိုက်သည်။

မော်သည် အခန်းပေါက်ဝတွင် လာ၍ရပ်လိုက်သည်။

“ဆရာ...မွန်က ခဏကြွပါတဲ့ ဆရာ”

ကိုဘခက်သည် ဘာအကြောင်းမှမသိဘဲ ခပ်ကြောင်ကြောင်ဖြင့် အခန်းထဲမှ ထွက်ခဲ့လေသည်။ ဧည့်ခန်းစားပွဲ၌ မိသားစုအစုံ ဝိုင်း၍ထိုင်နေကြသည်။

အားလုံးက ဘုမသိဘမသိဖြင့် ခပ်ကြောင်ကြောင် ထိုင်၍ နေကြသည်။

ဦးကျော်ဒင်သည် သူ့ဆေးပြင်းလိပ်ကို မီးညှိ၍ ဖွာလိုက်သည်။ ဗစ်တာသည် မရဲတရဲဖြင့် အနားသို့ လျှောက်လာသည်။ နောက်ဆုံး ‘မ’ တစ်ယောက်လည်း အိမ်ပေါ်မှ ဆင်းလာသည်။

အားလုံးစုံသောအခါ မွန်သည် သူ၏ဘယ်ဘက်လက်ကို စားပွဲရှေ့တွင် ဖြန့်လိုက်သည်။

“ဒီမှာ ကြည့်စမ်း၊ ဒက်ဒီ၊ မာမီ”

အားလုံးပင် မွန်၏လက်သူကြွယ်တွင် စိန်လက်စွပ်ကလေးတစ်ကွင်းကို အရောင်တလက်လက်ဖြင့် မြင်ရသည်။

“ဘယ်နှရတီရှိမှန်းတော့မသိဘူး မာမီ၊ ရှစ်ရာကျော်ပေးရတယ်။ ဗစ်တာဝယ်ပေးတာ။ ဗစ်တာနဲ့ မွန် လက်ထပ်ဖို့ သဘောတူလိုက်ပြီ။ ရှေ့လထဲ စထရင်းဟိုတယ်မှာ လက်ထပ်မယ်”

ဒေါ်ခင်မျိုးသန့်ကမူ ပြုံး၍နေသည်။

ဦးကျော်ဒင်သည် ဆေးပြင်းလိပ်ကို ပြာခွက်ထဲတွင်ထည့်၍ ခြွေလိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ “အရိုင်းစံပယ်” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ပုံပြင်

# ချုံထဲက သူဌေးကြီး

မင်းယုဝေ

တစ်ရံရောအခါ သူရင်းငှားတစ်ယောက်သည် လယ်ပိုင်ရှင်တစ်ဦးထံ၌ ဝင်ရောက်အလုပ်လုပ်လေသည်။ သူရင်းငှားသည် သစ္စာလည်းရှိလေသည်။ အလုပ်ကိုလည်း ကြိုးစားလုပ်ကိုင်လေသည်။ သို့ရာတွင် သူ့ခမျာ လယ်ပိုင်ရှင်ထံ၌ သုံးနှစ်တိုင် အလုပ်လုပ်ခဲ့သော်လည်း အခကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မှ မရရှာပေ။

ကြာသော် သူသည် သည်းမခံနိုင်ဖြစ်လာလေသည်။ ထို့ကြောင့် သူ့အား အခကြေးငွေ တစ်စုံတစ်ရာမပေးပါက ဆက်လက်အလုပ်မလုပ်တော့ဟူ၍ ဆုံးဖြတ်လိုက်သည်။ ထို့နောက်လယ်ပိုင်ရှင်အား သူ့အတွက် အခကြေးငွေပေးရန် တောင်းဆိုလေသည်။

သူရင်းငှားသည် ရိုးသားဖြောင့်မတ်သူဖြစ်ကြောင်း လယ်ပိုင်ရှင်သည် ကောင်းစွာသိရှိသည်။ သို့ရာတွင် လယ်ပိုင်ရှင်သည် အလွန်စေးနှဲသူဖြစ်ရကား သူရင်းငှားအား သုံးနှစ်လုပ်ခအတွက် ငွေသုံးကျပ်သာ ပေးလေသည်။

သူရင်းငှားသည် အလွန်ဆင်းရဲသူဖြစ်သဖြင့် ငွေသုံးကျပ်ရသည်ကိုပင် များလှပြီဟုထင်မှတ်မိ၏။ သူက သည်မှာအလုပ်လုပ်နေမည့်အစား ငွေသုံးကျပ်ကို အိတ်ထဲ၌ထည့်လျက် ခရီးလှည့်လည်ရသော် ပျော်ရွှင်မှုရမည်။ စိတ်အေးချမ်းသာရှိနိုင်မည်ဟူ၍စဉ်းစားကာ လယ်ပိုင်ရှင်ထံမှ အလုပ်ထွက်လိုက်လေသည်။ ထို့နောက် ငွေသုံးကျပ်ကို အိတ်ထဲ၌ထည့်လျက် တောတောင်အနှံ့ ခရီးထွက်လေသည်။

သူရင်းငှားသည် တေးကလေးတဆိုဆိုဖြင့် လယ်ကွင်းတစ်လျှောက် အေးဆေးစွာဖြတ်သန်းသွားလေသည်။ ထိုစဉ် သူသည် လူပုကလေး တစ်ယောက်ကို တွေ့လေသည်။ လူပုကလေးက သူ၏ပျော်ရွှင်ချမ်းမြေ့သော အမူအရာကို ကြည့်ကာ..

"အဘယ်ကြောင့် ပျော်ရွှင်နေပါသနည်း"

ဟူ၍ မေးမြန်းလေသည်။ သူရင်းငှားက

"ကျွန်ုပ်သည် ကျန်းမာခြင်းနှင့်လည်း ပြည့်စုံသည်။ ကျွန်ုပ်၏ အိတ်ထဲ၌လည်း ငွေကြေးရှိသည်။ ကျွန်ုပ်သည် သုံးနှစ်သုံးမိုး အလုပ်လုပ်ခဲ့ရာ ထိုအတွက်လုပ်ခငွေများရပါသည်။ ၎င်းတို့မှာ ကျွန်ုပ်အိတ်ထဲ၌ ရှိနေပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် စိတ်ညည်းညူခြင်းဖြင့်မရှိဘဲ ပျော်ရွှင်နေပါသည်"

ဟူ၍ ပြန်ပြောလေသည်။

လူပုကလေးက....

"သင့်လုပ်ခအတွက် အခကြေးငွေ မည်မျှရခဲ့ပါသနည်း"

ဟု မေးမြန်းလေသည်။ သူရင်းငှားက...

"ငွေသုံးကျပ် ရခဲ့ပါသည်"

ဟု ပြောကြားလေသည်။ ဤတွင် လူပုကလေးက..

"အဆွေ၊ သင့်ငွေသုံးကျပ်ကို ကျွန်ုပ်အားပေးပါ၊ ကျွန်ုပ် အလွန်ဆင်းရဲလှပါသည်"

ဟု ပြောကာ ငွေသုံးကျပ်ကို တောင်းလေသည်။

သူရင်းငှားသည် အလွန်သနားကြင်နာတတ်သူဖြစ်ရကား သူ့ငွေသုံးကျပ်ကို လူပုကလေးအား ပေးလိုက်လေသည်။

လူပုကလေးက...

"အဆွေ၊ သင်သည် ကြင်နာတတ်သော စိတ်ထားရှိ၍ လွန်စွာစိတ်ကောင်း၊ နှလုံးကောင်းရှိသူဖြစ်သည်။ ထို့ကြောင့်သင့်အား သင်ပေးခဲ့သည့် ငွေသုံးကျပ်အတွက် လိုရာဆုသုံးဆုပေးမည်။ အလိုရှိရာ သုံးဆုတောင်းခံပါ"

ဟု ပြောဆိုလေသည်။ သူရင်းငှားက...

"လောက၌ ငွေကြေးထက် ကျွန်ုပ်တန်ဖိုးထားသောအရာများစွာ ရှိပါသည်။ ပထမဆုံး ကျွန်ုပ်အလိုရှိသည့်ဆုမှာ ကျွန်ုပ်လိုသည့်အရာကို မလွဲတမ်းထိမှန်အောင် ပစ်စွမ်းနိုင်သည့် လေးနှင့်မြားတို့ ဖြစ်ပါသည်။ ဒုတိယအလိုရှိသည့်ဆုမှာ တယောဖြစ်ပါသည်။ ထိုတယောကို ကျွန်ုပ်ထိုးပါက တယောသံကြားသူတိုင်း ကခုန်လိုသော စိတ်ဆန္ဒများဖြစ်ပေါ်စေချင်ပါသည်။ တတိယအလိုရှိသောဆုမှာကား ကျွန်ုပ်စိတ်ဆန္ဒရှိ၍ တောင်းဆိုတိုင်း လူအများက လိုက်လျောခွင့်ပြုစေလိုခြင်း ဖြစ်ပါသည်"

ဟူ၍ ပြောကာ ဆုသုံးမျိုး တောင်းလေသည်။ လူပုကလေးက...

"သင်အလိုရှိသော ဆုသုံးမျိုးလုံး ပြည့်စုံရပါစေ့မည်"

ဟု ဆိုကာ သူရင်းငှားအား လေးနှင့်မြားကိုလည်း ပေးလိုက်လေသည်။ တယောကိုလည်း ပေးလိုက်လေသည်။

သူရင်းငှားသည် လူပုကလေးကို နှုတ်ဆက်ပြီး ခရီးဆက်လက်ထွက်ခဲ့ပြန်လေသည်။ သူသည် ဆုသုံးမျိုး ရလိုက်သဖြင့် ယခင်ကထက် အဆများစွာ ပိုမိုပျော်ရွှင်နေပေသည်။

အတော် ခရီးပေါက်သော်လမ်း၌ သူသည် ကောက်ကျစ်စဉ်းလဲသော သူဌေးကြီးတစ်ယောက်ကို တွေ့လေသည်။ သူတို့နှစ်ယောက် အနီးတွင် သစ်ပင်တစ်ပင်ရှိရာ ငှက်ကလေးတစ်ကောင်သည် ထိုသစ်ပင်၌ နားလျက် သာယာစွာကျူးရင့်နေလေသည်။

သူဌေးကြီးက ငှက်ငယ်ကိုမြင်သော် လိုချင်လောဘရှိသဖြင့်...

"ငှက်ကလေးသည် အလွန်လှပါဘိ၊ ထိုငှက်ကလေးကို ကျွန်ုပ်လက်ဝယ်သို့ရောက်အောင် ဆောင်ကြဉ်းပေးနိုင်ပါမူ ဆောင်ကြဉ်းပေးသူအား ငွေအမြောက်အမြားထုတ်ပေးရန် ဝန်မလေးပါ"

ဟူ၍ ပြောဆို၏။ သူရင်းငှားက...

"ဤသို့ဆိုလျှင် ငှက်ငယ်ကိုရအောင် ကျွန်ုပ် ပြုပါအံ့"

ဟုဆို၏။ သို့ဆိုပြီးလျှင် သူသည်ငှက်ငယ်ကို မသေစေဘဲ မူးမိုက်ကျလာရုံမျှလေးဖြင့် မှန်းဆပစ်လိုက်လေသည်။ ငှက်ငယ်သည် သစ်ပင်ပေါ်မှ သစ်ပင်အောက် ဆူးချုံထဲသို့ ထိုးစိုက်ကျလာသည်။

သူဌေးကြီးလည်း ငှက်ငယ်ကို လိုချင်လောဘဖြင့် ဆူးချုံထဲသို့ အတင်းတိုးဝင်ရှာလေသည်။ ငှက်ငယ်မှာ သေးလွန်းရကား ရုတ်တရက်ရှာမတွေ့နိုင်ပေ။ ထိုအခိုက် သူရင်းငှားသည် တယောကိုထုတ်၍ ထိုးလေသည်။ ချုံထဲမှ သူဌေးကြီးသည်တယောသံကို ကြားရသောအခါ တည်ငြိမ်စွာနေ၍ မရ၊ လှုပ်ရှားကခုန်လေသည်။ သူသည် ဆူးချုံထဲတွင် အတင်းရုန်းကန်လှုပ်ရှား ကခုန်လေရာ၊ သူ၏ အဝတ်အစားတို့မှာ ဆူးများဖြင့်ငြိ၍ စုတ်ပြဲကုန်လေတော့သည်။ ထိုမျှသာမကသူ့တစ်ကိုယ်လုံး ဆူးများဖြင့် ခြစ်မိသဖြင့် ဒဏ်ရာအနာတရဖြစ်ကာ သွေးခြင်းခြင်းနီနေတော့သည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





ကဗျာ

# စိတ်ခရီးသည်

* "အနေ့နေ့လျှင်
ငြီးငွေ့စရာ၊ သည်အိပ်ရာဝယ်
လျောင်းကာစက်ကာ၊ မှေးမှိတ်ကာနှင့်
သင့်မှာနေပြား၊ ပျင်းဘူးလား"တဲ့။

* ငါ့အတွက်မူ
ခွဲချက်ဒဏ်ရာ၊ အနာနာ၍
ထောက်ကာစမ်းကာ၊ မလှမ်းသာတည့်
လျောင်းကာဆိတ်ဆိတ်၊ မျက်လုံးမှိတ်၍
တိုးတိတ်သာလျှင်၊ စိတ်ကူးယဉ်သော်
မြဆင်သိပ်သိပ်၊ ရွက်စိပ်စိပ်နှင့်
တောရိပ်မြိုင်ကြီး၊ ရှုမငြီးတည့်။

* ပွင့်လည်းစုံစုံ၊ ငုံလည်းဆိုင်ဆိုင်
ခိုင်လည်းကွန့်ကွန့်၊ ဖူးတံလွန့်လျက်
အညွန့်အကိုက်၊ ကွေ့ဝန်းဝိုက်တည့်။

* ကျူးရိုက်သံလွင်၊ သားသမင်တို့
ပျော်ရွှင်ခန်းဝါ၊ မိဂဒါသို့
တမာနှုတ်ချို၊ ဥဩပျိုနှင့်
ကျေးဖိုကျေးမ၊ ခွန်းချိုချတည့်။

* မြမြကြည်စင်၊ စမ်းရေယဉ်လည်း
ချိုလွင်သည့်တေး၊ ရင့်ရှုကြွေးတည့်။

* ဝါစွေးညိုပြေ၊ ဤကမ်းခြေဝယ်
ရွက်ကြွေကောက်ကာ၊ လှေမမာလျှင်
လွတ်ကာဆိုင်ဆိုင်၊ တက်ရေးပြိုင်မိ။

* သူနိုင်ငါရှုံး၊ ကြိတ်ခဲတုန်းဝယ်
နှလုံးကြည်လင်၊ ချမ်းမြေ့ရှင်၍
ငါလျှင် ပြုံးလိုက်မိသတည်း။

* သူငယ်ချင်းက
"မပျင်းဘူးလား" မေးသံကြားလျှင်
ငါကားရှင်စွာ၊ ရယ်မောကာတည့်
"ဘယ်မှာပျင်းသည်၊ ရှိလိမ့်မည်နည်း"
မြရည်ပက်ဖျန်း၊ တောအဝှန်းကို
ဖြန့်မြန်းလှည့်လည်၊ နှံ့ခဲ့ပြီလေ။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



လူမှု ဘဝ

# လူငယ်များနှင့် နားထောင်မှုအနုပညာ

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

"သူစကားသိပ်များတာပဲ" လို့ တစ်ဦးတစ်ယောက်က မှတ်ချက်ပေးတာမျိုး သင်မကြာခဏ ကြားမိမှာပါ။ ဒါပေမဲ့ "သူ များများနားထောင်သလား" ဆိုတဲ့ သုံးသပ်ဝေဖန်ချက်ကို တစ်ဦးတစ်ယောက်ဆီက ဘယ်တုန်းကကြားခဲ့ပါသလဲ။

(Norman Augustine)

လူမှုဆက်ဆံရေးမှာ တစ်ဖက်လူပြောဆိုမှုကို နားထောင်တတ်ဖို့လိုပါတယ်။ ကိုယ်ပြောစရာရှိတဲ့အခါ တခြားသူတွေကို ပြောဆိုလိုက်သလို တခြားလူကပြောဆိုတဲ့အခါ ကိုယ်ကလည်း စိတ်ရှည်ရှည်နဲ့ များများနားထောင်ဖို့လိုပါတယ်။ ဒါကြောင့် လူငယ်တွေဟာ နားထောင်မှုအနုပညာကို သိထားဖို့ လိုလာပါတယ်။

ကျောင်းမှာ သူငယ်ချင်းတွေနဲ့ပြောဆိုတဲ့သူ၊ လုပ်ငန်းခွင်မှာ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပြောဆိုတဲ့သူတို့ ပြောဆိုတဲ့စကားတွေထဲမှာ အနည်းငယ်နူးညံ့သိမ်မွေ့ပြီး ကွဲပြားခြားနားတဲ့အဓိပ္ပာယ်တွေကို အမိအရဖမ်းနိုင်ဖို့ လူငယ်တွေရဲ့နားထောင်မှုစွမ်းရည်က အရေးကြီးပါတယ်။

တစ်ဖက်လူရဲ့ပြောစကားကို နားလည်ပြီး အဓိပ္ပာယ် ပြန်ဖော်ကြည့်မှသာ ပြန်လည်ပြောနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ နားထောင်ဖို့ရာ တစ်ဦးတစ်ယောက်က ဘာပြောသလဲဆိုတာ ဂရုပြုရပါမယ်။ တချို့က ဂရုမစိုက်ဟန်နဲ့ စိတ်ဝင်စားမှုမပြဘဲ ကိုယ့်အတွေးထဲမှာ နစ်မြောနေတော့ တစ်ဖက်လူရဲ့ပြောစကားကို မသိလိုက်တာတွေ ရှိနိုင်ပါတယ်။ စိတ်ဖိစီးမှုရှိနေရင်လည်း အာရုံစိုက်ပြီးနားထောင်ဖို့ ခက်ခဲလှပါတယ်။

လူငယ်တွေအနေနဲ့ တစ်ဖက်လူရဲ့ပြောဆိုမှုကို စိတ်ဝင်စားမှုပြသဖို့၊ အာရုံစိုက်နားထောင်ဖို့လိုပါတယ်။ ဒီလိုနားထောင်ခြင်းက ထိုသူပြောဆိုတဲ့ အကြောင်းအရာတွေ၊ ထင်မြင်ယူဆချက်တွေ၊ အိုင်ဒီယာစိတ်ကူးတွေကို သိရှိနားလည်မှာဖြစ်ပါတယ်။ စိတ်အားထက်သန်မှုအပြည့်နဲ့ နားထောင်ခြင်းပြုဖို့လိုပါတယ်။

**နေ့အိပ်မက်မက်ခြင်း**

လူ့သဘာဝအရ စိတ်ဝင်စားဖွယ်ပြောဆိုခဲ့ရင် နားထောင်ခြင်းဟာ ပိုမိုလွယ်ကူလိမ့်မယ်။ ဒါပေမဲ့ တချို့လူတွေက တစ်ခါလာ မဲပြာပုဆိုးလို ငြီးငွေ့ဖွယ် ထပ်တလဲလဲပြောဆိုကြတယ်။ တိုးညှင်းတဲ့လေသံနဲ့ မပွင့်တပွင့်ပြောဆိုကြတယ်။ သည်အခါ နားထောင်သူတွေရဲ့စိတ်တွေဟာ လျင်လျင်မြန်မြန် ရွေ့လျားပျံ့လွင့်လို့နေကြတယ်။ တချို့လူတွေက နေ့အိပ်မက်မက်ခြင်း (Day Dreaming) မျိုး အမှန်တကယ်ဖြစ်နေတဲ့အခါ ဟန်ဆောင်ပြီးနားထောင်နေကြတယ်။

လူငယ်တွေဟာ တခြားသူတွေနဲ့ ပြောဆိုတဲ့အခါ အာရုံခံစားမှတ်သားဖို့လိုပါတယ်။ အဓိက ဆိုလိုရင်းအချက်တွေကို စိတ်ထဲမှာ မှတ်သားထားဖို့ လိုပါတယ်။ မိမိရဲ့စိတ်ဟာ ဟိုရောက်ဒီရောက်နဲ့ ပျံ့လွင့်နေခဲ့ရင် လက်ရှိပစ္စုပ္ပန်တည့်တည့်ကိုသာ အာရုံစိုက်ပါ။ အတိတ်ကို ပြန်ပြောင်းစဉ်းစားခြင်း မပြုပါနဲ့။ ဒါမှမဟုတ် အနာဂတ်အတွက်လည်း စိတ်ပူပန်ခြင်းမပြုပါနဲ့။ မိမိနဲ့မသက်ဆိုင်တဲ့ အတွေးတွေကို မောင်းထုတ်လိုက်ပါ။ ဒီလိုဆိုရင် မိမိရဲ့စိတ်ဟာ ရှင်းရှင်းလင်းလင်းဖြစ်သွားပြီး ပြန်လည်ပြောဆိုနိုင်မှုစွမ်းအားမှာ အာရုံစိုက်နိုင်မှာဖြစ်ပါတယ်။

မိမိရဲ့နားထောင်မှုဟာ Active Listening ဖြစ်ကြောင်း တစ်ဖက်လူတွေ သိပါစေ။ Pay Attention ဖြစ်ကြောင်းပြသပါ။ လိုအပ်တဲ့အခြေအနေပေါ်မူတည်ပြီး ခေါင်းညိတ်ပြသင့်က ပြပါ။

"အဲဒါကြောင့် ခင်ဗျားက ကျွန်တော့်ကို ဒီလိုလုပ်စေချင်တာပေါ့"

"ကျွန်တော်နားလည်တာကို သေချာရလိုက်လားဆိုတာ" စတဲ့ စကားစုတွေနဲ့ ဝင်ထောက်လိုက်ခြင်းဖြင့် ပါးစပ်မှာမော်တာတပ်ထားသလို စကားမြန်မြန်ပြောတတ်သူတွေကို ထိန်းချုပ်လိုက်ပါ။ တကယ်လို့ တစ်ဦးတစ်ယောက်ရဲ့ သွင်ပြင်လက္ခဏာ၊ လေယူလေသိမ်း သို့မဟုတ် အသံတွေဟာ မိမိကို စိတ်အနှောင့်အယှက်ဖြစ်စေတယ်ဆိုရင် ပုဂ္ဂိုလ်တစ်ဦးရဲ့မှတ်ချက်တွေပါရှိတဲ့ ဇာတ်ညွှန်းတစ်ခု ဖတ်နေခြင်းမျိုးလို့ စိတ်ကူးကြည့်ပါ။ သည်အချက်က သတင်းစကားရဲ့ ကိုယ်ပိုင်သတ်မှတ်ချက်တွေပါရှိတဲ့ မက်ဆေ့ချ်ကို မိမိနားလည်ဖို့ ကူညီပါလိမ့်မယ်။

**နားထောင်မှုစွမ်းရည်**

လူငယ်တွေရဲ့ နားထောင်မှုစွမ်းရည် တိုးတက်ထက်မြက်အောင် အောက်ပါနည်းလမ်းတွေကို အသုံးပြုနိုင်ပါတယ်။

**(၁) အကြောင်းအရာတွေအကြား ကွဲပြားခြားနားမှုရှိပါစေ။**

အရေးတကြီးအချက်လို့ သူတို့မြင်ထားတဲ့ ပြောဆိုသူတွေက အာရုံစိုက်မှုကို အငမ်းမရ လိုလားကြတယ်။ ကောင်းကောင်းနားထောင်ခြင်းဖြင့် သူတို့ရဲ့ဆိုလိုချက် လေးနက်မှုကို အသိအမှတ်ပြုပါ။

**(၂) နားလည်မှုအတွက် နားထောင်ပါ။**

အခြေအနေအလိုက် ကြုံတွေ့ရတဲ့ ကွဲပြားခြားနားတဲ့ထင်မြင်ချက် သို့မဟုတ် အမြင်တွေကို သိရှိမှတ်သားပါ။ တစ်ဦးတစ်ယောက်နဲ့ သဘောမတူညီတာကြောင့် စိတ်ပိုင်းဆိုင်ရာခံစားမှုအရ ရပ်ပစ်တာမျိုး မပြုလုပ်ပါနဲ့။

**(၃) "ကျွန်တော့်ကို သင်ကြားပေးထားတာပါ"လို့ စဉ်းစားတွေးတောပါ။**

ပြောသူပုဂ္ဂိုလ်တိုင်းထံမှ အနည်းဆုံး လတ်ဆတ်တဲ့အချက်အလက် သို့မဟုတ် ထိုးထွင်းအမြင်ကို လေ့လာဖို့ ကြိုးပမ်းအားထုတ်ပါ။ ဒီအချက်က သင့်ရဲ့စူးစမ်းသိလိုစိတ်ကို နှိုးဆွပေးပါလိမ့်မယ်။

*Ref: Listen more by Lee Iacocca*

# ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တဲ့ ဘာစီလိုနာအသင်း

ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါပွဲစဉ်(၅) အဖြစ် စက်တင်ဘာ ၁၀ ရက်ညပိုင်းက ကာဒစ်ဇ် အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယပိုင်းသွင်းဂိုး တွေနဲ့ ကာဒစ်ဇ်အသင်းကို ဘာစီလိုနာအသင်းက လေးဂိုးပြတ် အနိုင်ရရှိခဲ့ပါတယ်။




အဲဒီပွဲစဉ်မှာ ပရိသတ်တစ်ဦး အရေးပေါ် ကျန်းမာရေးအခြေအနေ ကြုံတွေ့ခဲ့ရတာကြောင့် ပြိုင်ပွဲကို ခေတ္တရပ်ဆိုင်းခဲ့ရပြီး အဲဒီလို ပြိုင်ပွဲရပ်ဆိုင်းဖို့ အားလုံးက သဘောတူညီခဲ့ကြတာဖြစ်တယ်လို့လည်း ဘာစီလိုနာအသင်းနည်းပြ ဇာဗီက ပြောကြားခဲ့ပါတယ်။

ကာဒစ်ဇ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဘာစီလိုနာအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၅ မိနစ်မှာ နယ်သာလန် ကွင်းလယ်ကစားသမား ဒီဂျောင်ရဲ့ သွင်းဂိုးနဲ့ အဖွင့်ဂိုး စတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၆၅ မိနစ်မှာ ပိုလန် တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ဘိုင်ယန် မြူးနစ်အသင်းကနေ နွေရာသီအပြောင်းအရွှေ့ အတွင်း ပြောင်းရွှေ့လာခဲ့ပြီးနောက် ဘာစီလိုနာ အသင်းအတွက် ပွဲစဉ် ခြောက်ပွဲမှာ သွင်းဂိုး ကိုးဂိုး အထိ ရှိလာခဲ့တာဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ လူစားဝင်ကစားသမား အန်ဆူဖာတီက ပွဲကစားချိန် ၈၆ မိနစ်မှာ တစ်ဂိုးနဲ့ ပြင်သစ်တိုက်စစ်မှူး အော်စမာနေဒမ်ဘီလီက ပွဲကစားချိန် ၉၂ မိနစ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါပွဲစဉ် ငါးပွဲကစားပြီးချိန်မှာ လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ် ထွက်ပေါ်ခဲ့တာကြောင့် ရမှတ် ၁၃ မှတ်နဲ့ ရီးယဲလ် မက်ဒရစ်အသင်းရဲ့အောက် အမှတ်ပေးဇယား ဒုတိယ နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ရီးယဲလ် မက်ဒရစ်အသင်းကတော့ မာယော့ကာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၁၅ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေတာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ရာသီအဖွင့်ပွဲစဉ်ဖြစ်တဲ့ ဗယ်လက်ကာနိုအသင်းနဲ့ ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် ရဂိုး ၁၅ ဂိုးအထိရှိလာခဲ့ပြီး ပေးဂိုးတစ်ဂိုးသာ ခွင့်ပြုပေးထားရသေးတဲ့ အသင်း အဖြစ်လည်း မှတ်တမ်းဝင်ထားတာ ဖြစ်ပါတယ်။

ငွေကြယ်
ရေးသားသည်

## ဘောလုံးလောကသတင်းတိုများ

- အေစီမီလန်အသင်းဟာ ရာဖေးလ်လီယို အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရလို့ ကစားသမား တစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမယ့် ဆမ်ဒိုးရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေမှာ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပါတယ်။
- *ဘာစီလိုနာအသင်းဟာ မန်စီးတီးအသင်းမှ အသက် ၂၈ နှစ်အရွယ်ရှိ ပေါ်တူဂီကွင်းလယ် ကစားသမား ဘာနာဒိုဆေးလ်ဗားကို ဇန်နဝါရီ ဈေးကွက်အတွင်း ခေါ်ယူသွားဖို့ရှိနေတယ်လို့ သိရပါတယ်။*
- ဘရိုက်တန်အသင်းဟာ မန်ယူအသင်း၊ လီဗာပူးအသင်းနဲ့ အာဆင်နယ်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ အသက် ၂၀ အရွယ် အီကွေဒေါကွင်းလယ်ကစားသမား မွိုက်ဆက် ကို စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးဖို့ ရှိနေတယ်လို့ သိရပါတယ်။
- *မန်ယူအသင်းဟာ ဘာစီလိုနာအသင်းမှ အသက် ၂၃ နှစ်အရွယ်အမေရိကန်ညာနောက်ခံ ကစားသမား ဆာဂျီနိုဒက်စ်ကို ခေါ်ယူဖို့ ရှိနေတယ်လို့ သိရပါတယ်။*
- ပီအက်စ်ဂျီအသင်းဟာ ဂါလာတာစာရေး အသင်းမှာ အငှားချထားတဲ့ အာဂျင်တီးနား တိုက်စစ်မှူး အိုင်ကာဒီရဲ့ လုပ်ခလစာကို ၉၀ ရာခိုင်နှုန်းအထိ ပေးမှာဖြစ်တယ်လို့ သိရ ပါတယ်။
- *ရီးယဲလ်မက်ဒရစ်အသင်းဟာ အီတလီနည်းပြ အန်စလော့တီကို ဘာနေဗျူးမှာ ဆက်ရှိနေရေး အတွက် စာချုပ်သစ်ချုပ်ဆိုသွားဖို့ ရှိနေတယ် လို့ သိရပါတယ်။*

# ပီအက်စ်ဂျီအသင်းရဲ့ စတုတ္ထမြောက် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာတဲ့ တိုက်စစ်မှူး နေမာ

ဘရာဇီးတိုက်စစ်မှူး နေမာဟာ ပီအက်စ်ဂျီအသင်းက ဘရက်စ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ပြင်သစ် ပထမတန်းပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူ နိုင်ခဲ့တာကြောင့် ပီအက်စ်ဂျီအသင်းရဲ့ စတုတ္ထမြောက် ဂိုးသွင်းအများဆုံး ကစားသမား ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့ ဘရက်စ် အသင်းတို့ပွဲစဉ်မှာ တိုက်စစ်မှူး နေမာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိ ခဲ့တာဖြစ်ပြီး အသက် ၃၀ အရွယ်ရှိ တိုက်စစ်မှူး နေမာအတွက်တော့ ပီအက်စ်ဂျီကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၁၁၀ ပြည့်မြောက်တဲ့ သွင်းဂိုး လည်း ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ် ပထမတန်းပွဲစဉ် ခုနစ်ပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ရမှတ် ၁၉ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိနေတာ ဖြစ်ပါတယ်။




တိုက်စစ်မှူး နေမာဟာ ၂၀၁၇ ခုနှစ် အတွင်းက စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းကနေ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀၀ နဲ့ ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ပီအက်စ်ဂျီ အသင်းရဲ့ စတုတ္ထမြောက် ဂိုးသွင်း အများဆုံးကစားသမားအဖြစ် ရပ်တည် ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့အတူ ဂိုးအများ ဆုံးသွင်းယူထားတဲ့ ကစားသမားတွေ ကတော့ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီက သွင်းဂိုး ၂၀၀ နဲ့ ပထမ၊ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီက သွင်းဂိုး ၁၈၀ နဲ့ ဒုတိယ၊ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်က သွင်းဂိုး ၁၅၆ ဂိုးနဲ့ တတိယစသဖြင့် ဂိုးသွင်းအများဆုံးကစားသမား စာရင်းမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

# တစ်နှစ်အတွင်း ဂရန်းဆလမ်းဆုဖလား နှစ်ကြိမ်ရရှိခဲ့တဲ့ ဆွီယာတက်ခ် ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ်အဖြစ် ဆက်လက်ရပ်တည်ခွင့်ရရှိ



ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ် အမေရိကန်အိုးပင်း တင်းနစ် ဆုဖလားနှင့် အတူ အောင်ပွဲခံနေစဉ်။

စက်တင်ဘာ ၁၀ ရက်ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ်ဟာ တူနီးရှားတင်းနစ်မယ် ဂျာဘောကို အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ ပါတယ်။

### နှစ်ကြိမ်အထိ ဆွတ်ခူး

ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်ဟာ တူနီးရှား တင်းနစ် မယ် ဂျာဘောကို ၆-၂၊ ၇-၆(၇-၅)နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီလို အနိုင်ရရှိခဲ့တာကြောင့် ၂၀၂၂ ခုနှစ်အတွင်း ဂရန်းဆလမ်း ဆုဖလားကို နှစ်ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်ဟာ ယခုနှစ်အတွင်း အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို မဆွတ်ခူးမီ ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း တင်းနစ် ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် အတွင်း ဂရန်းဆလမ်းဆုဖလားကို နှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်တာကြောင့် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်ဟာ ကမ္ဘာ့ နံပါတ်တစ် တင်းနစ်မယ်အဖြစ် ဆက်ရှိနေဦးမှာပဲ ဖြစ်ပါတယ်။

ဒါ့ပြင် တင်းနစ်မယ် ဆွီယာတက်ခ်ဟာ တစ်နှစ်အတွင်း ပြင်သစ်အိုးပင်းတင်းနစ်ဆုဖလားနဲ့ အမေရိကန် အိုးပင်းတင်းနစ် ဆုဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် ၂၀၁၃ ခုနှစ် နောက်ပိုင်း တစ်နှစ်အတွင်း အဲဒီဆုဖလားနှစ်လုံးကို ရယူဆွတ်ခူး နိုင်ခဲ့တဲ့ ပထမဆုံးတင်းနစ်မယ်ဖြစ်လာခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်း က ဆရီနာဝီလျံဟာ ပြင်သစ်အိုးပင်းနဲ့ အမေရိကန်အိုးပင်း တင်းနစ်ဆုဖလားတွေကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။




# အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စု (က) ပထမနေ့အဖြစ် မြန်မာအသင်းနှင့် တရုတ်အသင်းတို့ မြန်မာစံတော်ချိန် စက်တင်ဘာ ၁၁ ရက် နံနက် ၁ နာရီက ဆော်ဒီအာရေဗျနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ တရုတ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။


မြန်မာနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

မြန်မာအသင်းသည် အာရှအင်အားကြီး တရုတ်အသင်းကို မိနစ် ၉၀ အထိ တစ်ဂိုးစီသရေကစားနိုင်သော်လည်း နာကျင်အချိန်ပိုတွင် ပင်နယ်တီနှစ်ဂိုးပေးလိုက်ရပြီး အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

၁၃ မိနစ်တွင် အာဖာယီဒင်က တရုတ်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၂၂ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရကာ ဥက္ကာနိုင်က သွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်း ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးထပ်မရသဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် တရုတ်အသင်းက ဂိုးရရန် ကြိုးပမ်းလာသော်လည်း မြန်မာအသင်းခံစစ်ဖျက်ထုတ်နိုင်ခဲ့သဖြင့် မိနစ် ၉၀ အထိ သရေကျနေပြီး နာကျင်အချိန်ပိုတွင် တရုတ်အသင်းက ပင်နယ်တီနှစ်ဂိုးရကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ တရုတ်အသင်းအတွက် အနိုင်ဂိုးများကို ၉၀+၂ မိနစ်တွင် အာဖာယီဒင်၊ ၉၀+၅ မိနစ်တွင် အဗ္ဗဒူလာတို့က ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ဆော်ဒီအာရေဗျ၊ တရုတ်၊ ဥဇဘက်ကစ္စတန်၊ မော်လ်ဒိုက်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မြန်မာစံတော်ချိန် စက်တင်ဘာ ၁၂ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ဥဇဘက်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**




# စဉ့်ကိုင်မြို့နယ် မင်းလှကန်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**စဉ့်ကိုင် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ စဉ့်ကိုင်မြို့နယ် မုံပင်ကျေးရွာအုပ်စု ကန်ကြီးကျေးရွာအနီး မင်းလှကန်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မင်းလှကန်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်း၊ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးအောင်သူ၊ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်ခိုင်ခိုင်ဝင်း၊ စဉ့်ကိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်ဖြိုးအောင်၊ စဉ့်ကိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် တိုင်း/ခရိုင် စခန်းဝန်ထမ်းများ၊ ငါးမွေးတောင်သူများတက်ရောက်ပြီး ကူမဲငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၃၀၀၀၀၀ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အနုပညာ



# ပါ့ခ်ဟယ်ဂျင်နဲ့ ပတ်သက်တဲ့ ကောလာဟလတွေကို ငြင်းဆို

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်သူ ပါ့ခ်ဟယ်ဂျင်နဲ့ပတ်သက်တဲ့ ကောလာဟလတွေ လတ်တလောမှာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့ခဲ့ရာမှာ ၎င်းရဲ့ အေဂျင်စီက အဆိုပါသတင်းတွေ မှန်ကန်မှုမရှိကြောင်း ငြင်းဆိုခဲ့တယ်လို့ အောကေပေ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ မူးယစ်ဆေးသုံးစွဲမှုကြောင့် အသက် ၄၀ ဝန်းကျင်ရှိတဲ့ မင်းသားတစ်ဦး ထိန်းသိမ်းခံခဲ့ရကြောင်း သတင်းတွေပေါ်ထွက်လာပြီး အဆိုပါမင်းသားမှာ ပါ့ခ်ဟယ်ဂျင်ဖြစ်ကြောင်း ရေးသားဖော်ပြမှုတွေ ရှိခဲ့ပါတယ်။ အဆိုပါသတင်းတွေအပေါ် မင်းသားရဲ့အေဂျင်စီက စက်တင်ဘာ ၁၁ ရက်မှာ တရားဝင်ထုတ်ပြန်ချက်နဲ့ ငြင်းဆိုခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့်စုစည်းသည်**

# လီဆာရဲ့ တစ်ကိုယ်တော်တေးသံရှင်အဖြစ်လှုပ်ရှားမှုနှစ်ပတ်လည်ပြုလုပ်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ လီဆာဟာ BLACKPINK အဖွဲ့ဝင်တစ်ဦးအဖြစ်နဲ့ အနုပညာလှုပ်ရှားမှုတွေ စတင်ခဲ့တာပါ။ နောက်ပိုင်းမှာ သူဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် သူ့ရဲ့တေးအယ်လ်ဘမ်နဲ့အတူ အောင်မြင်မှုတွေရယူနိုင်ခဲ့ပါတယ်။ လတ်တလောမှာ သူ့ရဲ့တစ်ကိုယ်တော်တေးသံရှင်သက်တမ်း တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ကာ ကမ္ဘာတစ်ဝန်းကပရိသတ်တွေက သူ့အတွက် နှစ်ပတ်လည်အထိမ်းအမှတ်တွေ ပြုလုပ်ပေးခဲ့ကြောင်း အောကေပေ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ထိုင်းလူမျိုးတစ်ဦးဖြစ်တဲ့ လီဆာဟာ သူ့ရဲ့တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့တေးသီချင်း Lalisa ကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၀ ရက်က စတင်ထုတ်လွှင့်ခဲ့ပြီး တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ခြေလှမ်းစခဲ့ပါတယ်။ လီဆာရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ ခေါင်းစီးတေး Lalisa အပြင် Money တေးသီချင်းဟာလည်း အလွန်ကိုအောင်မြင်ခဲ့ပါတယ်။ သူ့ရဲ့တေးအယ်လ်ဘမ်အောင်မြင်မှုနဲ့အတူ လီဆာဟာ တစ်ကိုယ်တော်တေးသံရှင် သက်တမ်းတစ်နှစ်အတွင်း ဂီတခရီးမှတ်တိုင်သစ်များစွာ စိုက်ထူနိုင်ခဲ့ပါတယ်။

လတ်တလောကျရောက်ခဲ့တဲ့ လီဆာအတွက် နှစ်ပတ်လည်နေ့မှာတော့ ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ အမှတ်တရ ရေးသားဖော်ပြမှုတွေ ရှိခဲ့ပါတယ်။ ဒါ့အပြင် လီဆာရဲ့အောင်မြင်မှုတွေကို စီတန်းရေးသားထားတဲ့ စာမျက်နှာတစ်ခုကိုလည်းဖော်ပြခဲ့ပြီး အဲဒီစာမျက်နှာမှာ ပြီးခဲ့တဲ့တစ်နှစ်တာအတွင်း လီဆာရဲ့အောင်မြင်မှုတွေကို စုံလင်စွာဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၁ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၅-၁၂-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက် မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၈-၂၀၂၂ ရက်နေ့မှ ၂၃-၉-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာ ဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၈၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)[အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊အရည်အချင်းလစာ(၄၀၀၀)ကျပ်၊ **M.H.R.A** (၁၀၀၀၀)ကျပ်၊ စုစုပေါင်း(၂၁၈၀၀၀)ကျပ် ရရှိမည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေး စည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲ အောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| (၁) | ၁၅၃/မမ/ (CME/MIT) | လူစီးတွဲနှင့်ကုန်တွဲများ အကြီးတန်းပြုပြင်ရန်အတွက် လိုအပ်သောပစ္စည်း (၂၄) မျိုးဝယ်ယူရန် |
| (၂) | ၁၅၄/မမ/CE | လမ်းခင်းကျောက် (Ballast) (၃၀၀၀)ကျင်းအား ပြွန်တန်ဆာဘူတာအရောက် ဝယ်ယူရန် |
| (၃) | ၁၅၅/မမ/CE | **တိုင်း(၈)မော်လမြိုင်** မော်လမြိုင်-သရက်ကုန်းဘူတာကြား ဈေးကြို(ဖက်ခင်း)ဂိတ် ရထားလမ်းကူးတွင် ထိုင်းနိုင်ငံထုတ် (Ready Made) အဆင့်မြှင့်ကားလမ်းကူးတပ်ဆင်ခြင်း (13.20)Meter |
| (၄) | ၁၅၆/မမ/CE | **တိုင်း(၇)ရန်ကုန်** ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်နှင့် ဆင်ခြေဖုံးရထားလမ်း (မလွှကုန်းဘူတာမှ တိုးကြောင်ကလေးဘူတာအထိ) သန့်ရှင်းသာယာ လှပစေရေးအတွက် အမှိုက်သိမ်းခြင်းလုပ်ငန်း (အောက်တိုဘာလမှ မတ်လအထိ) |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၂၆ . ၉ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၂ . ၉ .၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

သုခမ္မာလမ်းမကြီးအိမ်ရောင်းမည်

မြောက်ဥက္ကလာအပိုင်းအနီး (ဃ) ဈေးရှေ့။
စီးပွားရေးလုပ်ရန်နေရာကောင်း။ ၂၀ပေ× ၅၀ပေ
(မြေပိုင်ပါ)။ ၂ထပ် BN ။ အောက်ထပ် HALL ။
အပေါ်ထပ် 1 MB + 1B ။ ဂရံအမည်ပေါက်။
Ph : 09 43021001 သိန်း (၅၆၀၀) ညှိနှိုင်း

### ဖခင်အမည်မှန်

ဖျာပုံမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ သီရိမြိုင်လမ်း၊ ဆည်/ရေဦးစီးဌာန ဝန်ထမ်းအိမ်ရာနေ မနှင်းနန္ဒာလင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်(ခ) ဦးမင်းဇော်ဦး [၁၄/ဖပန(နိုင်)၁၆၉၆၉၉] ဖြစ်ပါကြောင်း။ **ဦးမင်းဇော်ဦး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဖျာပုံမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ သီရိမြိုင်လမ်း၊ ဆည်/ရေဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းနေ မနှင်းနန္ဒာလင်း၏ မိခင် ဒေါ်စန်းစန်းမြင့် နှင့် ဒေါ်ချောစုဝင်း[၁၄/ဖပန(နိုင်)၀၉၂၁၆၃]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၇၄၉)ပေါ်တွင် ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်၏ ပထမထပ်တိုက်ခန်းကို ဒေါ်မူမူစွမ် (၆/လလန(နိုင်)၀၀၁၁၄၈)က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေဦးရဲထက်ရွှေ (၇/ပတန (နိုင်) ၁၁၀၈၆၂)နှင့်ဇနီးတို့က ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့်ဆက်စပ်သောအကျိုးခံစားခွင့် အရပ်ရပ်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးညဏ်ဝင်းအောင် — LL.B., WIPO DL-101 (Switzerland) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၂၁)

ဒေါ်စောသဇင် — LL.B., D.B.L., WIPO DL-101 (Switzerland) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၃၆)

တိုက်(၈)၊ အခန်း(၁)၊ မြကန်သာအိမ်ရာ၊ မြကန်သာလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၄၁၄၆၂၀

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ.၁၇)၊ မြေကွက်အမှတ်(၁၇၈၆/ခ)၊ ဧရိယာ (၀.၀၂၇၅)ဧက၊ (၂၀'x၆၀') အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစောရန်နိုင်[၁၂/ဒဂတ(နိုင်)၀၄၉၆၀၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမျိုးဇော်ထူး [၇/ပတန(နိုင်)၀၉၃၆၄၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကိုကိုဇော်** — **LL.B, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၆၂)**

**ဒေါ်နှင်းဇာခြည်မြင့်** — **LL.B, D.B.L, D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၁)**

**အမှတ်(၆၂)၊ ပထမထပ်၊ အခန်း(၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၃၉၇၀၊ ၀၉-၂၅၄၅၄၆၃၆၅၊ ၀၉-၄၄၃၁၀၅၅၈၃**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ကျောက်စိမ်း(၃)လမ်း၊ မြေကွက်အမှတ်(၁၆၅)၊ မြေအကျယ်အဝန်း(၄၀ပေx၆၂ပေခွဲ)၊ ဧရိယာ(၀.၀၅၇)ဧက၊ (၂၅၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်ရေ/မီးမီတာပါအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးမောင်မောင်အေး(ISN-၅၂၃၀၇၄)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်သဇင်မင်းမောင်[၇/သကန(နိုင်)၀၀၀၅၆၈]သည် နှစ်ဦးသဘောတူအဆင့်ဆင့် အဆက်စပ်အရောင်းအဝယ်ကတိ စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဦးဝင်းနိုင်[၁၄/ကခန(နိုင်)၀၃၂၇၅၄]နှင့် (၂) ဒေါ်ထားလွင်ဦး[၁၄/ကခန(နိုင်)၀၃၂၇၁၅]ထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်ကြည် (LL.B)** — **(စဉ်-၁၁၄၀၆)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ကေကေနိုင်(LL.B)** — **(စဉ်-၅၃၃၄၄)** — **အထက်တန်းရှေ့နေ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
## အမှတ် (၂) တည်ဆောက်ရေး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (တင်ဒါအမှတ်-၅/၂၀၂၂-၂၀၂၃)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်ရှိ နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော **ဘိလပ်မြေ(၃၀၀၀) တန် (Lot-2)နှင့် မြစ်ကျောက်စရစ်(၆၀၀၀)ကျင်း (Lot-3)**တို့အား ဒုတိယအကြိမ် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများစတင် — ၂-၉-၂၀၂၂ ရက်
ရောင်းချမည့်ရက်နှင့်အချိန် (နံနက် ၉:၀၀ နာရီ)
တင်ဒါလျှောက်လွှာများနောက်ဆုံး — ၁၅-၉-၂၀၂၂ ရက်
ရောင်းချမည့်ရက်နှင့်အချိန် (ညနေ ၁၆:၀၀ နာရီ)
တင်ဒါလျှောက်လွှာများနောက်ဆုံး — ၁၆-၉-၂၀၂၂ ရက်
လက်ခံမည့်ရက်နှင့်အချိန် (ညနေ ၁၆:၀၀ နာရီ)

၃။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ-တွဲဖက်)ရုံး၊ မုံရွာမြို့တွင် သတ်မှတ်ရက် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၇၁-၂၀၂၃၂၂၉၊ ၀၉-၆၉၉၉၀၀၅၅၉**
**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။**

### တိုက်နှင့် မြေကွက်အမြန်ရောင်းမည်

ပြင်ဦးလွင်၊ အောင်ချမ်းသာ၊ မန္တလေး-လားရှိုးလမ်းမကြီးမေးတင် (အတက်လမ်း)၊ (၉၀'x၉၂') အာစီနှစ်ထပ်တိုက်၊ ဂရန်ရှိ၊ ရေ၊ မီး၊ အစုံ၊ ဆိုင်ခန်း၊ ဟိုတယ်၊ တည်းခိုခန်းဖွင့်ရန် အလွန်ကောင်း။
(အဆင့်မြင့်ပစ္စည်းအစုံပါရှိပြီး)။
စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများ အမြန်ဆက်သွယ်ပါ။ သိန်း(၅၉၀၀)
ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၅၁၅၉၁၃၄၊ ၀၉-၅၁၅၁၅၇၆၊
၀၉-၄၃၀၁၉၇၇၈။

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/B)၊ ပျဉ်းမပင်မြောက်၊ မြေကွက်အမှတ်(၅၇)၊ မြစ်ပယ်လမ်းသွယ်(၁)၊ ပုလဲ(၃)ရပ်ကွက်၊ အမှတ်(၅၇)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား တပ်ကြပ်ကြီးထွန်းမြင့် (DNU-၀၅၈၆၆၀) အမည်ဖြင့်ရှိသော အကျယ်အဝန်း အလျား (၆၀)ပေ x အနံ (၆၀)ပေ မြေအနက်မှ ခေါင်းရင်းဘက်အခြမ်း အလျား (၃၀)ပေ x အနံ (၆၀)ပေ ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းမြင့် [၁၂/မဂဒ(နိုင်)၀၀၈၁၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးလွင်မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ယင်းမြေကွက်နှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွင်မာဦး (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၁)**

**ဒေါ်နော်အိန္ဒြေဖူးသစ်ဦး(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၂၆၇၄)**

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉- ၂၅၉၆၈၆၀၈၈**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)၊ မြေကွက်အမှတ် (၈၀)၊ (၁၅၈)ရပ်ကွက်၊ ပေတစ်ရာလမ်းကျောကပ်၊ ရွှေတောင်ထွန်းလက်ဖက်ရည်ဆိုင်အနောက်လမ်း၊ အမှတ်(၈၀)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား မကြည်ကြည်သိန်း (K/ME-၁၅၂၃၈၆) အမည်ဖြင့်ရှိသော အကျယ်အဝန်းအလျား(၄၀)ပေx အနံ(၆၀)ပေ ရှိမြေနှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင့်ဇာလီမျိုး [၁၂/ဒလန(နိုင်)၀၄၁၈၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရတနာတင်ယုခိုင်(ခ)ဒေါ်နွေထက်ထက်ဟန်လင်းမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွင်မာဦး (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၁၁)**

**ဒေါ်နော်အိန္ဒြေဖူးသစ်ဦး (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၂၆၇၄)**

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်။ ဖုန်း-၀၉-၂၅၉၆၈၆၀၈၈**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)၊ မြေကွက်အမှတ် (၁၄)၊ (၁၅၈)ရပ်ကွက်၊ ပေတစ်ရာလမ်းမ၊ အမှတ်(၁၄)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား ဦးမြင့်သိန်း (AHT-၀၇၄၃၀၃) အမည်ဖြင့်ရှိသော အကျယ်အဝန်း အလျား (၄၀)ပေxအနံ(၆၀)ပေ ရှိမြေနှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်သိန်း[၁၂/ကမရ(နိုင်)၀၂၁၃၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရတနာတင်ယုခိုင်(ခ)ဒေါ်နွေထက်ထက်ဟန်လင်းမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွင်မာဦး (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၁၁)**

**ဒေါ်နော်အိန္ဒြေဖူးသစ်ဦး (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၂၆၇၄)**

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၉၆၈၆၀၈၈**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၀)နေ ဦးဖေယျာဝင်းလှိုင် [၇/ကတခ(နိုင်)၁၆၈၃၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်-၈၈၃၊ ဧရိယာအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ မူလဂရန် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးတင်အောင်(CI-၀၄၃၃၆၅) ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အေးပို(ခ) ဒေါ်ခင်စိုးတင့် (ISN -၀၃၄၉၈၅)ထံမှ (၂၀ပေ x ၆၀ပေ) (ယာဘက်ခြမ်း)အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း အတိအလင်းကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငုဝါ (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၀၉)**
**အမှတ်(၈/မြေညီထပ်)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း-၀၉- ၆၀၃၉၉၉၇၁၇**

### အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့၊ ကျောင်းစုရပ်နေ ကိုအောင်စည်သူခန့်(ဘ) ဦးလှဝင်းအောင်[၇/ဒဥန(နိုင်)၁၇၅၄၉၈]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

အထက်အမည်ပါကိုအောင်စည်သူခန့်နှင့် ဒိုက်ဦးမြို့ မြို့ပတ်လမ်းနေ မသရဖီမျိုးသန့်(ဘ) ဦးအောင်မျိုးသန့်[၇/ဒဥန(နိုင်) ၁၆၄၉၃၁]တို့သည် (၄-၁-၂၀၂၂)နေ့တွင် အသိသက်သေများရှေ့ စာချုပ်၍ နှစ်ဦးသဘောတူ ဥပဒေနှင့်အညီ တရားဝင်ကွာရှင်းပြတ်စဲကြပြီးဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းငွေ(စဉ်-၈၁၅၈)** — **(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဦးကြည်စိန်(စဉ်-၃၆၃၁၀)** — **B.A(Psy)(C), H.G.P, RL(II)** — **အထက်တန်းရှေ့နေ**

**အမှတ်(၄၉၆)၊ သီတာလမ်း၊ (၄)ရပ်ကွက်၊ ဒိုက်ဦးမြို့နယ်၊**
**ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး။**

### အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ဦးဘိုးသာလမ်း၊ အမှတ်-၆၈ နေ မသီရိသက်ထား [၁၂/ဗဟန(နိုင်) ၁၀၃၃၅၂]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မသီရိသက်ထား (အဖ) ဦးစိုးတင့်နှင့် ကိုထူးနေအောင် [၆/မမန(နိုင်)၁၃၃၅၅၀](အဖ) ဦးငွေရီတို့သည် (၂၄-၁၂-၂၀၁၄)ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပြီးနောက်ပိုင်းတွင် တစ်ဦးနှင့် တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့ပါသောကြောင့် (၃၀-၆-၂၀၁၈)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေလူကြီးများရှေ့မှောက်တွင် လက်မှတ်ရေးထိုးအတည်ပြုချုပ်ဆိုပြီး ဖြစ်ပါသည်။ သို့ပါ၍ မသီရိသက်ထားနှင့် ကိုထူးနေအောင်တို့သည် တစ်ဦးနှင့်တစ်ဦးမည်သို့မှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နှင်းချယ်ရီ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၄၀၄)**
**အမှတ်(၄၁)၊ ၈၈-လမ်း၊ ကန်/နောက်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-953119749, 09-443119749**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁၁၉)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ သံချပ်ဝန်ဦးမြုလမ်း၊ အမှတ်(၆၆၅)၊ ဒေါ်ခင်ခင်ဝင်း [၅/ရဥန(နိုင်)၀၀၁၄၇၅]အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် မှတ်သားတည်ရှိသည့် အလျား ၄၀ပေxအနံ ၆၀ပေ၊ ဧရိယာ-၀.၀၅၅ ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို အမည်ပေါက်ပိုင်ဆိုင်တစ်ဆင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်ခင်ခင်ဝင်း [၅/ရဥန(နိုင်)၀၀၁၄၇၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မင်းနိုင်** — **LL.B, DL-101 Wipo (Switzerland)** — **တရားလွှတ်တော်ရှေ့နေ** — **(စဉ်-၁၀၉၁၈/၁၆)** — **ဖုန်း-၀၉-၄၂၅၁၆၈၉၃၂**

**ဒေါ်သက်ဆုရည်** — **ဥပဒေဘွဲ့ (LL.B)** — **တရားလွှတ်တော်ရှေ့နေ** — **(စဉ်-၁၂၂၈၃/၁၇)** — **ဖုန်း-၀၉-၄၂၁၀၂၄၈၈၆**

**ရုံး-အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ မြေကွက်အမှတ်(၂၉/ဆ)၊ ဧရိယာ (၀.၃၀၆)ဧကရှိ မြေပိုင်မြေအတွင်းမှ မခွဲစိတ်ရသေးသော မျက်နှာစာ(၂၅)ပေ၊ ရှေ့နောက် (၆၄)ပေ နှင့် (၇၃)ပေ အကျယ်ရှိ ဒေါ်မြတ်မြတ်တိုးနှင့် ဒေါ်အိအိချော တို့ရရှိသော မြေကွက်နှင့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁) ဒေါ်အေးမိ (၂) ဒေါ်ချိုချိုဝင်း (၃) ဒေါ်ဘေဘီကြီး (၄) ဒေါ်မြတ်မြတ်တိုး (၅) ဒေါ်အိအိချော (၆) ဒေါ်ခင်နုတို့ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်အား ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မိုး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၂၆)၊ ဒုတိယထပ်၊ ဝိဇယပလာဇာ၊ ဦးဝိစာရလမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၆၆၄၅၉**

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေစုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒေသ၊ နယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေ ကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီကာလကတည်းက နိုင်ငံအဝှမ်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် ခေတ်နဲ့အညီ တည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့ ဖတ်စရာ**

### စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၇၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ » ၂



### အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်ခတ် လူပေါင်း ၂၀၀ ခန့် ဘေးလွတ်ရာရွှေ့ပြောင်း

စာမျက်နှာ » ၁၃



## ရေကြည်မြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

ရေကြည် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ပြည်သူများ စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန်အတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းကို ယနေ့နံနက် ၈ နာရီက ဆရာစံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၃ သို့ ❖



ဟံသာဝတီနှင့် ရခိုင်ယူနိုက်တက်တို့ ယှဉ်ပြိုင်နေစဉ်။

## ဇင်မင်းထွန်း၏ဂိုးဖြင့် ဟံသာဝတီအသင်း နိုင်ပွဲဆက်

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) ဒုတိယနေ့ကို စက်တင်ဘာ ၁၁ ရက်က ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်းက ရခိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**တိုက်စစ်အားပြုကစား**

နှစ်သင်းစလုံး အမှတ်လိုနေသဖြင့် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ မဖြစ်မနေ အနိုင်ရရန် လိုအပ်နေသဖြင့် အားကုန်ထုတ်ကစားခဲ့သည်။ ဒုတိယအကျော့တွင် ကစားပုံတည်ငြိမ်လာသည့် ဟံသာဝတီအသင်းသည် ခံစစ်ပိုင်းအမှားနည်းလာသဖြင့် ရခိုင်အသင်း ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ပွဲကစားချိန် ၇၅ မိနစ်တွင် ဇင်မင်းထွန်းက သွင်းယူခဲ့သည်။

ဟံသာဝတီအသင်းသည် ဒုတိယအကျော့တွင် နိုင်ပွဲဆက်နေပြီး နှစ်ပွဲဆက်တိုက် တစ်ဂိုး-ဂိုးမရှိ ရလဒ်ဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းက ၁၁ ပွဲကစား ရမှတ် ၁၇ မှတ်ရထားပြီး ရခိုင်အသင်းမှာမူ ၁၁ ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပွဲစဉ်(၁၁) တတိယနေ့အဖြစ် စက်တင်ဘာ ၁၂ ရက်တွင် GFA အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**